# ဒီမိုကရက်တစ်မြန်မာ့အသံ

# နိုင်ငံရေးအကျဉ်းသားများသတင်း

# ဖေဖော်ဝါရီ ၂၀၀၆

&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&&

မစုစုနွေးအယူခံ ဗဟိုတရားရုံးက ပယ်ချ *၁၊ဖေဖော်ဝါရီ၊၂၀၀၆*

ကလေးထောင်အာဏာပိုင်များ၏ ရိုက်နှက်မှုကြောင့် အကျဉ်းသား (၅) ဦး သေဆုံး *၂၊ဖေဖော်ဝါရီ၊၂၀၀၆*

ဦးခွန်ထွန်းဦးတို့ အမှုအခြေအနေ *၃၊ဖေဖော်ဝါရီ၊၂၀၀၆*

မစုစုနွေးအတွက် အယူခံတင်သွင်းမှုကို ဗဟိုတရားရုံးက ပယ်ချ *၄၊ဖေဖော်ဝါရီ၊၂၀၀၆*

နိုင်ငံရေးအကျဉ်းသား ကိုထွန်းလင်းကျော် ကျန်းမာရေး ဆိုးဝါး *၆၊ဖေဖော်ဝါရီ၊၂၀၀၆*

ရွှေဂူမြို့နယ် အဖွဲ့ချုပ်ဝင် (၂) ဦးကို ထောင် (၇) နှစ်စီ ချမှတ် *၈၊ဖေဖော်ဝါရီ၊၂၀၀၆*

ဒေါ်မေဝင်းမြင့် ထောင်သက်တမ်း (၁) နှစ် ထပ်တိုးခံရ *၈၊ဖေဖော်ဝါရီ၊၂၀၀၆*

အိန္ဒိယသမ္မတကြီး ခရီးစဉ်ကို ဒေါ်စုလွတ်မြောက်လာသည့် အချိန်အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆို *၈၊ဖေဖော်ဝါရီ၊၂၀၀၆*

ရှမ်းခေါင်းဆောင်များ ဖမ်းဆီးခံရခြင်း တနှစ်ပြည့် *၊ဖေဖော်ဝါရီ၊၂၀၀၆*

ကိုခင်မောင်လွင်တစ်လပြည့်ဆွမ်းသွပ်ပွဲကျင်းပမည်*၁၀ ဖေဖေါ်ဝါရီ ၂၀၀၆*

ရှမ်းဝါရင့်ခေါင်းဆောင် ဦးရွှေအုန်းအား ပြန်လွှတ်ပေးလိုက်ပြီ*၁၀၊ဖော်ဖေါ်ဝါရီ၊၂၀၀၆*

အဖွဲ့ချုပ်ဝင်များအား နအဖမှ ဖမ်းဆီးထောင်ချခြင်းများ ပိုလုပ်လာ*၁၀၊ဖေဖေါ်ဝါရီ၊၂၀၀၆*

ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် သက်တမ်းတနှစ် ထပ်တိုး *၁၃၊ဖေဖော်ဝါရီ၊၂၀၀၆*

ဦးတင်ဦးအား သက်တမ်းတိုးလိုက်သည့်အပေါ် **AI** အဖွဲ့ကြီးက နအဖကို ပြစ်တင်ဝေဖန် *၁၄၊ဖေဖော်ဝါရီ၊၂၀၀၆*

အဖွဲ့ချုပ်ဝင်များအား အာဏာပိုင်များက နည်းမျိုးစုံနှင့် ဖမ်းဆီးထောင်ချ *၁၄၊ဖေဖော်ဝါရီ၊၂၀၀၆*

ဘယ်လ်ဂျီယံမှာ ဒေါ်စုနှင့် မြန်မာ့အရေးထောက်ခံပွဲ ကျင်းပ *၁၄၊ဖေဖော်ဝါရီ၊၂၀၀၆*

ဒေါက်တာဝင်းအောင်အား ထောင်ထဲတွင် ပုဒ်မတိုးပြီးနောက်ထပ်ထောင်ချရန်ပြင်ဆင်*၁၅၊ဖေဖေါ်ဝါရီ၊၂၀၀၆*

သပိတ်ကျဉ်းစည်းအဖွဲ့ဝင် ကိုအေးသိန်းအား မည်သည့်နေရာတွင်ချုပ်နှောင်ထားကြောင်းမသိရ*၁၅၊ဖေဖေါ်ဝါရီ၊၂၀၀၆*

ဒေါက်တာဇော်မြင့်မောင်ထောင်ထဲ၌ ကျန်းမာရေးအခြေအနေဆိုးရွား*၁၇၊ဖေဖေါ်ဝါရီ၊၂၀၀၆*

စပ်ဝ်ဦးကြာအယူခံ ဗဟိုတရားရုံးမှပယ်ချ*၁၈၊ဖေဖေါ်ဝါရီ၊၂၀၀၆*

**ILO** ထံ သတင်းပေးမှုဖြင့် တရားစွဲခံရသည့် အောင်လံအဖွဲ့ချုပ်ဝင်များ ရုံးချိန်း ပြောင်းရွှေ့ခံရ *၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

လှိုင်သာယာအဖွဲ့ချုပ် ဒု ဥက္ကဌနှင့်သား အမှုအယူခံ ရွေ့နေလိုက်ခွင့်မရသေး *၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

ဦးအောင်ဖေအမှုပြင်ဆင်ချက်ကို တရားရုံးချုပ်က ပယ်ချ *၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

ကိုညွန့်အောင်ကို ထောင်ပြောင်းရုံမက ထောင်သက်တမ်းပါထပ်တိုး *၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

ဦးခွန်ထွန်းဦးတို့အမှုတွဲအတွက် ပထမဆုံးအယူခံ တင်သွင်းလိုက်ပြီ *၂၁၊ဖေဖော်ဝါရီ၊၂၀၀၆*

လှိုင်သာယာအဖွဲ့ချုပ်ဒုဥက္ကဌနှင့် သားဖြစ်သူတို့အမှု အယူခံတင်ရန် အခက်အခဲဖြစ် *၂၁၊ဖေဖော်ဝါရီ၊၂၀၀၆*

မောင်မောင်ဦးနှင့် ချစ်သိန်းထွန်းတို့အားဖမ်းဆီးထားကြောင်း န အ ဖ မှဝန်ခံ*၂၁၊ဖေဖေါ်ဝါရီ၊၂၀၀၆*

စုစုနွေးကျောင်း ရုံပုံငွေဈေးပွဲတော် ဖင်လန်၌ ကျင်းပပြုလုပ် *၂၅၊ဖေဖော်ဝါရီ၊၂၀၀၆*

**ICRC** ၏ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခွင့် နအဖက ဆိုင်းငံ့ထား *၂၇၊ဖေဖော်ဝါရီ၊၂၀၀၆*

ဦးခွန်ထွန်းဦးတို့အမှုတွဲအတွက် ဒုတိယအသုတ် အယူခံ ထပ်မံတင်သွင်း *၂၇၊ဖေဖော်ဝါရီ၊၂၀၀၆*

ဒေါက်တာဇော်မြင့်မောင်ကို ကျန်းမာရေးစမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေး *၂၈၊ဖေဖော်ဝါရီ၊၂၀၀၆*

# စာမျက်နှာ ၁

## မစုစုနွေးအယူခံ ဗဟိုတရားရုံးက ပယ်ချ

၁၊ဖေဖော်ဝါရီ၊၂၀၀၆

လုပ်အခွင့်အရေးအတွက် တိုက်ပွဲဝင်ခဲ့ခြင်းကြောင့် ထောင် (၁) နှစ်ခွဲ ချမှတ်ခံထားရသည့် ထန်းမနိုင်ရွာသူ မစုစုနွေး၏ အယူခံကို၊ ဗဟိုတရားရုံးက ယနေ့ပယ်ချလိုက်သည်ဟု သိရပါသည်။ သို့သော် အမှန်တရားအတွက် ဥပဒေနှင့် အညီ၊ အထူး အယူခံဆက်တက်သွားမည်ဖြစ်ကြောင်း၊ အမှုကို လိုက်ပါဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်ရှေ့နေများက ပြောပါသည်။

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းမနိုင်ရွာသူ မစုစုနွေးသည် ကျေးရွာအာဏာပိုင်များ၏ အဓမ္မ လုပ်အားပေး ခိုင်းစေမှုကို၊ ရဲရဲဝံ့ဝံ့တရားစွဲခဲ့ပြီး ပထမဦးဆုံး အမှုအနိုင်ရခဲ့သူဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာအာဏာပိုင်များ၏၊ အငြိုး ထားပြီး ပြန်လည်အမှုဆင် ထောင်ချခြင်းခံခဲ့ရသည်။ ယင်းကဲ့သို့ ထောင်ချခြင်းသည် ဥပဒေနှင့် မညီညွတ်သည့်အတွက်၊ အဖွဲ့ချုပ် ရှေ့နေများက၊ အယူခံအဆင့်ဆင့် လျှောက်လဲခဲ့သော်လည်း ပယ်ချခံခဲ့ရသည်။ မစုစုနွေးအား အခုအင်းစိန်ထောင်တွင် ချုပ်နှောင် ထားပြီး၊ နှလုံးရောဂါကြောင့် ကျန်းမာရေးသိပ်မကောင်းကြောင်း မိသားစုဝင်များ၏ အဆိုအရသိရပါသည်။

အစသို့

## ကလေးထောင်အာဏာပိုင်များ၏ ရိုက်နှက်မှုကြောင့် အကျဉ်းသား (၅) ဦး သေဆုံး

၂၊ဖေဖော်ဝါရီ၊၂၀၀၆

လွန်ခဲ့သည့်လ၌ ကလေးထောင်အာဏာပိုင်များနှင့် အကျဉ်းသားများအကြား ဖြစ်ပွားခဲ့သော အဓိကရုဏ်းတွင်၊ အာဏာပိုင်များ၏ ရိုက်နှက်မှုကြောင့် အကျဉ်းသားအများအပြား ဒဏ်ရာရရှိခဲ့ပြီး၊ ယနေ့အထိ ခန္တီးမြို့မှအကျဉ်းသား တဦးအပါအဝင် (၅) ဦး သေဆုံးသွားကြောင်း ထောင်နှင့်နီးစပ်သည့်သတင်းများအရ သိရပါသည်။ လောလောဆယ် အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးနေပြီး၊ ထောင်တွင်းအခြေအနေကို အထူးလျှို့ဝှက်ထားသည်ဟု သိရပါသည်။ အဆိုပါအဓိကရုဏ်းတွင် နိုင်ငံရေးအကျဉ်းသားများပါ ရိုက်နှက်ခံခဲ့ရသည်ဆိုသော သတင်းများထွက်ပေါ်ခြင်း ကြောင့်၊ မိသားစုဝင်များနှင့် အဖွဲ့ချုပ်ဝင်များကပါ စိုးရိမ်နေကြကြောင်း သိရပါသည်။ မကြာသေးခင်က လားရှိုးပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းဌေးထံ ထောင်ဝင်စာသွားတွေ့ခဲ့သည့် သားဖြစ်သူ ကိုမင်းက သူ့ဖခင်အခြေအနေအား ယခုလို ပြောပြပါသည်။

"ကျနော်က ကိုယ့်မိဘအတွက်စိတ်ပူပြီး ချက်ချင်းသွားတွေ့တာပေါ့။ ကျနော့်အဖေ ကျန်းကျန်းမာမာနဲ့ နေကောင်းတယ်။ ပုံမှန်အတိုင်းနေတယ်၊ ထိုင်တယ်၊ သွားတယ်၊ လာတယ်။ ဟိုလိုပုံစံထိုင်ခိုင်းတာတွေ၊ မေးမြန်းတာတွေ တခုမှ မရှိပါဘူး။"

ထောင်ဝင်စာသွားတွေ့ရသည့် အခြေအနေနှင့် ပတ်သက်၍ ယခုလို ဆက်လက်ပြောပြထားပါသည်။

"ထောင်ဝင်စာသွားတွေ့တဲ့အချိန်မှာ လုံခြုံရေးအနေနဲ့ တင်းတင်းကြပ်ကြပ် ချထားတာ မရှိပါဘူး။ သူတို့အရင် သတ်မှတ်ထားတဲ့ စည်းကမ်းချက်အတိုင်း၊ သူတို့သတ်မှတ်ထားတဲ့ ပစ္စည်းတွေပေးရတယ်။ ပြီးရင်ထောင်ဝင်စာကို (၁၅) မိနစ် တွေ့ခွင့်ရတယ်။ ထူးထူးခြားခြား တင်းကြပ်ပြီးတော့ အများကြီးမရှိဘူး ပုံမှန်ပဲ ခါတိုင်းသွားတွေ့နေကြ ပုံမှန်ပါပဲ။ အပြင်ကတော့ ဘာမှမပြောင်းလဲပါဘူး။ ခါတိုင်းလို မှတ်ပုံတင်နဲ့ အိမ်ထောင်စုစာရင်းထပ်တယ်။ ထပ်တဲ့အချိန်မှာ သက်ဆိုင်ရာထောင်မှူးတွေက လက်မှတ်ထိုးပေးတယ်။ အဲ့ဒါတွေတော့ အခက်ခဲမရှိပါဘူး။ သွားတွေ့တာကတော့ (၁၅) ရက်တခါ သွားတွေ့ခွင့်ရတယ်။ ဒါပေမယ့် ကျနော်နေနဲ့ ခရီးကဝေးသွားတဲ့အတွက် တလတခါကို ကြိုးစားပြီး သွားရတာပေါ့နော်။ (၁၅) ရက်တခါ ရက် (၂၀) တခါ သွားတွေ့တယ်။ ကျန်းမာရေးလည်းကောင်းပါတယ်။ ကျန်တဲ့ ဥစ္စာဘာမှ အခက်ခဲတော့ မရှိပါဘူး။ ကျနော့်အကိုက လားရှိုးထောင်မှာပါ။"

ဦးသန်းဌေး၏ထောင်တွင်းအခြေအနေနှင့် ပတ်သက်၍ သားဖြစ်သူ ကိုမင်း ပြောပြခဲ့ခြင်းဖြစ်ပါသည်။

အစသို့

## ဦးခွန်ထွန်းဦးတို့ အမှုအခြေအနေ

၃၊ဖေဖော်ဝါရီ၊၂၀၀၆

ပြီးခဲ့သည့်နှစ် ပြည်ထောင်စုနေ့မတိုင်ခင်၌ ဖမ်းဆီးခံလိုက်ရသည့် ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦးတို့၏ အခြေအနေ ကိုတင်ပြလိုပါသည်။ ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ခွန်ထွန်းဦးတို့အဖွဲ့အား နိုဝင်ဘာလ အစောပိုင်းတွင်၊ ထောင်ဒဏ်နှစ်ရာချီချမှတ်ခဲ့ပြီးနောက်၊ ဝေးလံခေါင်ဖျားလှသော အကျဉ်းထောင်များသို့ ပြောင်းရွှေ့ပြစ်ခဲ့ပါသည်။ ယခုချိန်မှာ ယင်းကဲ့သို့မတရားအပြစ်ပေးထားခြင်းအား၊ ထုချေဖို့ရန်အတွက် အဖွဲ့ချုပ်ရှေ့နေများ က၊ ကြိုးစားနေကြပြီး ယခုလနှောင်းပိုင်းတွင်

ဗဟိုတရားရုံးထံ အယူခံတင်သွင်းတော့မည်ဖြစ်ကြောင်း သိရပါသည်။

"နောက်ဆုံးအခြေအနေကတော့ သူတို့မိသားစုတွေ ဒုတိယအကြိမ်၊ တတိယအကြိမ် သွားပြန်တွေ့နေကြပြီလေ။ ဒီဘက်ကအယူခံဝင်ဖို့ ရှေ့နေပါဝါတွေရပြီးတဲ့အတွက် စာရွက်စာတမ်းတွေ ကူးနေတယ်။ ကူးနေတော့ စာရွက်စာတမ်း တွေမှာ စီရင်ချက်အမိန့်ကူးလို့ရပေမယ့်၊ အမှုတွဲကို ကူးလို့ဖတ်ရတာတွေ ရှိသေးတာကိုး။ အဲဒီအချိန်လေး နည်းနည်းယူပြီးတော့ ဖေဖော်ဝါရီတတိယပတ်မတိုင်ခင်လောက်တော့ တင်ဖြစ်မယ်လို့ ခန့်မှန်းထားတယ်။ သူတို့ကအမှု ဖမ်းဆီးစစ်ဆေးတဲ့ ကာလက တနှစ်ဖြစ်ချင်ဖြစ်မယ်၊ နှစ်နှစ်ဖြစ်ချင်ဖြစ်မယ်။ ဒါကျနော်တို့က ရက်ပေါင်း (၉၀) တွက်မယ်ဆိုရင် အမိန့်ချတဲ့နေ့ ကနေစတာ။"

'အမှုကိုလိုက်ပါဆောင်ရွက်ပေးနေသူ ရှေ့နေကြီး ဦးအောင်သိန်း ပြောပြသွားခြင်းဖြစ်ပါသည်။ အဆိုပါအမှုတွဲမှာ ပါဝင်သူများမှာ ဥက္ကဋ္ဌခွန်ထွန်းဦး (၉၃) နှစ် ပူတာအိုထောင်၊ အတွင်းရေးမှူး စိုင်းညွန့်လွင် (၈၅) နှစ် ကလေးထောင်၊ အဖွဲ့ဝင် စိုင်းလှအောင် (၇၅) နှစ် ကျောက်ဖြူထောင်၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း (၇၅) နှစ် သံတွဲထောင်၊ ဦးထွန်းညို (၇၅) နှစ် ဘူးသီးတောင် ထောင်၊ စိုင်းမျိုးဝင်းထွန်း (၇၅) နှစ် မြင်းခြံထောင်၊ စိုင်းညီမိုး (၇၅) နှစ် ပခုက္ကူထောင်နှင့် ရှမ်းပြည်တပ်မတော် နာယက ဗိုလ်ချုပ်ဆေထင် (၁၀၆) နှစ် ခန္တီးထောင်တို့ ဖြစ်ပါသည်။ ယင်းကဲ့သို့ နှစ်ရာချီချခံထား ရသူများအတွက် အယူခံ ဆက်ဝင်၍ ထူးခြားမှုရှိနိုင်ပါ့မလားဟု ဦးအောင်သိန်းအား ထပ်မေးကြည့်သည့်အခါ – –

"ကျနော်တို့တော့ဒီအမှုတွေကို မျှော်လင့်ချက်ထားပါတယ်။ ဘာဖြစ်လို့ မျှော်လင့်ချက်ထားသလဲဆိုတော့ အဖွဲ့အစည်းရဲ့ စွဲဆိုထားတဲ့ ပုဒ်မတွေနဲ့၊ မမှန်မကန် သက်သေခံချက်တွေကို ကြည့်လို့ရှိရင် တချို့တချို့ကတော့ စွဲဆိုခဲ့တဲ့ပုဒ်မ အနေနဲ့ ညှိကောင်းညှိလိမ့်မယ်။ တချို့ပုဒ်မတွေကြတော့ သူတို့ပြောသလောက် နိုင်ငံတော်အပေါ်မှာ ပုန်ကန်တဲ့အနေအထား တွေမဟုတ်ဘူး။ နိုင်ငံတော်အကြည်ညိုပျက်စေအောင် လူများသိအောင် ပြောတာမဟုတ်ဘူးဆိုတဲ့ အချက်အလက်တွေ ဟိုထဲမှာ တချို့ တွေ့နေရတယ်လေ။ အဲဒါကြောင့် အခွင့်လမ်းလေး တခုတော့ရလိမ့်မယ်။ ကျနော်တို့ ရှေ့နေတယောက်ရဲ့ တာဝန်အရ တွေ့ရှိတဲ့အချက်အလက်တွေကို အကုန်လုံးကို၊ တရားရုံးကိုတင်ပြရမှာပေါ့။ လျော့တာတို့၊ ပေါင်းတာတို့၊ တပေါင်းတည်းပေး တာတို့၊ လွှတ်တာတို့ကတော့ တရားသူကြီးရဲ့ ဆင်ခြင်တုံပေါ့။"

ယမန်နှစ် ယခုကဲ့သို့ပြည်ထောင်စုနေ့မတိုင်ခင်လေး၌ ဖမ်းဆီးခံခဲ့ရသူ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ခွန်ထွန်းဦးတို့ အမှုတွဲနောက်ဆုံးအခြေအနေအကြောင်း ရှေ့နေဦးအောင်သိန်း၏ ပြောကြားချက်ဖြစ်ပါသည်။

အစသို့

## မစုစုနွေးအတွက် အယူခံတင်သွင်းမှုကို ဗဟိုတရားရုံးက ပယ်ချ

*၄ဖေဖော်ဝါရီ၂၀၀၆*

ထောင်ဒဏ်တနှစ်ခွဲကျခံနေရသည့် မစုစုနွေးအတွက် အယူခံတင်သွင်းမှုကို၊ ဗဟိုတရားရုံးမှ ဗုဒ္ဓဟူးနေ့တွင် အကျဉ်းချုံး ပယ်ချခဲ့ပါသည်။ ယခုကဲ့သို့ အယူခံလွှာပယ်ချမှုအပေါ်၊ အမေရိကန်နိုင်ငံခြားရေးဌာနနှင့် ဟောင်ကောင် အခြေစိုက် အာရှလူ့အခွင့် ့အရေးကော်မရှင်အဖွဲ့တို့က၊ ပြင်းပြင်းထန်ထန်ပြစ်တင်ကန့်ကွက်ခဲ့ကြပါသည်။ အမေရိကန် နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် မက်ကောမက်က၊ မစုစုနွေး၏ ကျန်းမာရေးဆိုးရွားလာခြင်းကို အထူးစိုးရိမ်မိကြောင်း ပြောကြားခဲ့ပြီး၊ စစ်အစိုးရ၏ မတရားဖိနှိပ်မှု များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသားများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဝေဖန်ပြောဆိုခွင့်ရှိရေးကို အမေရိကန်အစိုးရက အလေးအနက် ထောက်ခံကြောင်း ထပ်လောင်းပြောဆိုခဲ့ပါသည်။ ဟောင်ကောင်အခြေစိုက်လူ့အခွင့်ရေးအဖွဲ့ ဦးဆောင်ဒါရိုက်တာ ဖြစ်သူ၊ မာဆယ်ဘာတန်တိုက ထိုအခြင်းအရာသည် တရားနည်းလမ်းကြသော တရားစီရင်ရေးစနစ်မဟုတ်ကြောင်း၊ မတရားသဖြင့်ဆုံးဖြတ်စီရင်သည့် တရားစီရင်ရေးစနစ်သာဖြစ်ကြောင်း၊ သည်ဖြစ်ရပ်ကိုကြည့်ခြင်းအားဖြင့် ရှေ့ဆက်၍ မည်သည့် အမှုမျိုးတွင်မဆို၊ တရားသဖြင့်စီရင်ဆုံးဖြတ်နိုင်သည့်အခွင့်အာဏာ ဗဟိုတရားရုံး၌ ရှိနိုင်ပါသေးသလောဟု မေးခွန်းထုတ်စရာ ဖြစ်နေပါကြောင်း ဝေဖန်ခဲ့ပါသည်။ ယခုကဲ့သို့ အယူခံ ပယ်ခံခဲ့ရခြင်းနှင့်ပတ်သက်၍ မစုစုနွေးအမှုအား ဥပဒေကြောင်းအရ ကူညီဆောင်ရွက် ပေးနေသော အဖွဲ့ချုပ်ဥပဒေရေးရာဌာနမှ ဦးဉာဏ်ဝင်းထံ ဒီဗွီဘီမှ ဆက်သွယ်မေးမြန်းခဲ့ပါသည်။ အယူခံ ပယ်ချလိုက်သည့် အပေါ် ဦးဉာဏ်ဝင်း၏ အမြင်မှာ – –

"ကျနော်တို့အမြင်ကတော့ ဒီဥစ္စာမပယ်ထိုက်ဘူး။ အကြောင်းအချင်းအရာ အချက်အလက်ရော၊ ဥပဒေအချက် အလက်ရော၊ အောက်ရုံးက အပြစ်ပေးတာ မှားယွင်းနေတယ်လို့ အန်ကယ်တို့ယူဆတယ်လေ။ အဲ ီကြောင့် ဒီအမှုကို လက်ခံပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် ကြားနာထိုက်တယ်။ ပယ်လိုက်တယ် ဆိုတဲ့အခါမှာတော့ အန်ကယ်တို့လဲ တော်တော်လေး အံ့သြသွားတယ်။ နောက်ထပ်အယူခံတဆင့် ကျန်နေသေးတယ်။ လက်ရှိဥပဒေအရ အထူးအယူခံဆိုတဲ့ဟာကျန်တယ်။ အထူးအယူခံကိုလည်း အန်ကယ်တို့ ဆက်လက်ပြီးတော့ မစုစုနွေးအတွက် တင်မှာပါ။ အန်ကယ်တို့ကတော့ ဒီအမှုကို ဥပဒေကြောင်းအရ ကောင်းတယ်ပေါ့။ ကောင်းတယ်ဆိုတာ ကျနော်တို့ရှေ့နေတွေ အတွက်တော့ အပြစ်ထင်ရှားခြင်း သိပ်မရှိဘဲနဲ့

အပြစ်ပေးခံနေရတယ်လို့ မြင်တယ်။ ဥပဒေအမြင်အရ ပြောတာပါ။ ဒါကြောင့်လည်း နောက်ဆုံးအချိန်ထိကို အန်ကယ်တို့ကြိုးစားပြီးတော့ တင်မှာပါ။ လောလောဆယ် ပယ်လိုက်တာက တရားသူကြီး တပါးထိုင်တယ်ပေါ့။ အထူးအယူခံကြရင် နှစ်ပါးထိုင်တယ်။ နှစ်ပါးထိုင်ပြီးတော့ လက်ခံတယ်ဆိုရင်၊ ဖိုင်နယ်ကျရင် သုံးပါးထိုင်မယ်။ အလေ့ကျင့်ပေါ့ ဒီအတိုင်းပေါ့။”

ထန်းမနိုင်ကျေးရွာ အာဏာပိုင်များ၏ အဓမ္မလုပ်အားပေးခိုင်းစေမှုများကို၊ မစုစုနွေးအနေဖြင့် တရားရုံး၌ တရားစွဲဆိုခဲ့သည့်အတွက် အပြစ်ကျူးလွန်သူ အာဏာပိုင်လေးဦးအား လွန်ခဲ့သည့်နှစ် ဇန်နဝါရီလတွင် မလွဲမရှောင်သာ ထောင်ဒဏ်အပြစ်ပေးခဲ့ရသည်။ ထို့နောက် မစုစုနွေးသည် လူ့အခွင့်အရေးကာကွယ်သူ သတ္တိရှင်အဖြစ် ပြည်တွင်းပြည်ပ၌ လူသိများလာခဲ့ပြီး အာဏာပိုင်များက ရန်ငြိုးဖွဲ့ခဲ့သည်။ နောက်ပိုင်းတွင် မစုစုနွေးက အာဏာပိုင်များအား မဖွယ်မရာ ပြောဆိုခြိမ်းခြောက်သည်ဟု၊ စွပ်စွဲပြီး ယမန်နှစ် အောက်တိုဘာ၌ မတရားဖမ်းဆီးထောင်ချခြင်းခံခဲ့ရပါသည်။

အစသို့

## နိုင်ငံရေးအကျဉ်းသား ကိုထွန်းလင်းကျော် ကျန်းမာရေး ဆိုးဝါး

*၆ဖေဖော်ဝါရီ ၂၀၀၆*

ရန်ကုန် အင်းစိန်ထောင်၌ ထောင် (၇) နှစ်ကျခံနေရသည့် နိုင်ငံရေးအကျဉ်းသား ကိုထွန်းလင်းကျော်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေသည့်အတွက်၊ အပြင်ဆေးရုံတင်ကုသနေရကြောင်းသိရပါသည်။ တီဘီရောဂါအခံ ရှိသည့် ကိုထွန်းလင်းကျော်သည် ယခုလ (၂) ရက်နေ့ ညပိုင်းတွင် သွေးအန်ပြီး အခြေအနေဆိုးလာသည့်အတွက် ည (၁၂) နာရီတွင် အင်းစိန်မြို့နယ်ဆေးရုံသို့ အရေးပေါ်တင်ခဲ့ရသည်ဟုဆိုပါသည်။

ဆေးရုံရောက်သည်နှင့် ကိုထွန်းလင်းကျော်အား ကုတင်ဖြင့်တွဲ၍ သံခြေကျင်းခတ်ထားကြောင်း အဖွဲ့ချုပ်ဝင်များကပြောပါသည်။ ယခု လောလောဆယ် ဆရာဝန်ညွှန်ကြားချက်အရ တီဘီရောဂါပျောက်ဆေး သောက်နေရပြီး၊ လာမည့်ဗုဒ္ဓဟူးနေ့တွင် ဆေးရုံမှဆင်းရမည်ဟုသိရပါသည်။ မိသားစုနှင့် နီးစပ်သူများ၏အဆိုအရ ကိုထွန်းလင်းကျော်သည် ရောဂါဝေဒနာကြောင့် တကိုယ်လုံးပိန်ချုံးနေပြီး အားအင်ချည့်နဲ့နေကြောင်းသိရပါသည်။ ကိုထွန်းလင်းကျော်သည် ဒဂုံမြို့သစ်အဖွဲ့ချုပ်လူငယ်တဦးဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ အနီးကပ်လုံခြုံရေး တာဝန် ယူခဲ့ဖူးသူတဦးလည်းဖြစ်ပါသည်။

(၂၀၀၄) ခုနှစ်က ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်း ထပ်တိုးလိုက်သည့်အပေါ် မကျေနပ်သောကြောင့် ရန်ကုန်ဘားလမ်း ရှိ ခရစ်ယာန်ဘုရားရှစ်ခိုးကျောင်းရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူဖြစ်သည်။ ကိုထွန်းလင်းကျော်အား ယင်းဆန္ဒပြခဲ့သည့် ဒီဇင်ဘာလ (၁၄) ရက်နေ့၌ အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီးနောက် (၃) လကြာ (၂၀၀၅) ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံရေးပုဒ်မ (၅–ည) ဖြင့်ထောင် (၇) နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## ရွှေဂူမြို့နယ် အဖွဲ့ချုပ်ဝင် (၂) ဦးကို ထောင် (၇) နှစ်စီ ချမှတ်

*၈ဖေဖော်ဝါရီ ၂၀၀၆*

လွန်ခဲ့သည့်နှစ် နိုဝင်ဘာလတွင် ဖမ်းဆီးခံခဲ့ရသော ရွှေဂူမြို့နယ်အဖွဲ့ချုပ်ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့အား မြို့နယ်တရားရုံးမှ ထောင် (၇) နှစ်စီ ချမှတ်လိုက်သည်ဟုသိရပါသည်။ ယင်းတို့ (၂) ဦးအား နေအိမ်ခြံဝင်းထဲ၌ ဘိန်းထုတ်တွေ့သည်ဟုဆို၍ ၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၂၀) ရက်နေ့တွင်၊ ဖမ်းဆီးခဲ့ပြီးနောက် (၃) လနီးပါး အမှုစစ်ဆေးခဲ့ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှု ရှိ မရှိ ဆီးစစ်ချက်ယူရာတွင် သုံးစွဲကြောင်းမတွေ့ရသော်လည်း၊ ဘိန်းထုတ်လက်ဝယ်တွေ့ရှိမှုဖြင့်၊ ယခုကဲ့သို့ထောင်ချလိုက်ခြင်းဖြစ်ကြောင်းသိရပါသည်။ ယမန်နေ့က အမိန့်ချပြီးနောက် ရွှေဂူမှ ဗန်းမော်ထောင်သို့ ချက်ချင်းပို့လိုက်ကြောင်း၊ ဗန်းမော်မြို့နယ် အဖွဲ့ချုပ်ဝင် ဦးဇော်သင်းက အောက်ပါအတိုင်းပြောပြပါသည်။

“စီရင်ချက်ချတာ မနေ့က မနက်။ ရွှေဂူမြို့နယ် တရားရုံးကနေ စီရင်ချက်ချတယ်။ ချတဲ့အခါမှာ တဦးကို ထောင် (၇) နှစ်စီ ချလိုက်တယ်။ ချပြီးတာနဲ့တပြိုင်နက် ဗန်းမော်ကို၊ သူတို့ကို အစောင့်အရှောက်နဲ့ တခါထဲပို့တယ်။ အချုပ်ကားနဲ့ပဲ အခြံအရံနဲ့ပေါ့။ ဗန်းမော်ထောင်ကိုပို့တာ။ တခါတည်းပို့လိုက်တယ်။ သူတို့နဲ့ တပါတည်း ဘယ်သူပါလာလဲဆိုတော့ ဗဟိုကစေလွှတ်တဲ့ ရှေ့နေဦးမျိုးဆွေကိုယ်တိုင် ပါလာတယ်။ ပါပြီးတော့ မနေ့က ကျနော်တို့ ဖုန်းရတာပေါ့။ တွေ့ဆုံမေးပါတယ်။ ထောင်ကျတဲ့သူတွေကိုတော့ မတွေ့ဘူးပေါ့။ အမျိုးသမီးက လိုက်လာတယ်။ လိုက်လာတော့ ညနေကြတော့ ကျနော်တို့ သွားတွေ့ပေးလိုက်တယ်။”

ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့နှစ်ဦးသည် အဖွဲ့ချုပ်လုပ်ငန်းများကို တက်တက်ကြွကြွ လုပ်ကိုင်သည်ကလွဲ၍ ဘာသာတရားကိုင်းရှိုင်းသည့် လူကြီးလူကောင်းများဖြစ်ကြသည်ဟု၊ ရွှေဂူမြို့ခံများမှဆိုပါသည်။ ဦးကိုကိုမြင့်တို့အား ယခုကဲ့သို့

# စာမျက်နှာ ၄

ထောင်ချလိုက်သည့်အပေါ် ဗန်းမော်မြို့နယ် အဖွဲ့ချုပ်ဝင် ဦးဇော်သင်းက အောက်ပါအတိုင်း ဝေဖန်ပြောဆိုပါလိုက်ပါသည်။

"ပြောရင်တော့ အခုလို ငြိမ်သက်နေတဲ့အချိန်မှာ နည်းနည်းထထကြွကြွ ရှိတဲ့သူတွေကို ထိန်းသိမ်းတဲ့သဘောပါပဲ။ ကျနော်တော့ ဒီလိုပဲမြင်တယ်။ ခရိုင်တရားရုံးမှာ သူတို့ အယူခံဝင်မယ်လို့ပြောတယ်။ ကနေ့တော့ လုပ်နေပြီလို့ပြောတယ်။ ဗဟိုကစေလွှတ်တဲ့ မန္တလေးက ရှေ့နေဦးမျိုးဆွေကိုယ်တိုင် ဆောင်ရွက်ပေးနေတာ။ ရွှေဂူကမြို့နယ်ဆိုတော့ ဗန်းမော်ခရိုင်တရားရုံးမှာ အယူခံဝင်ရတယ်။"

ဦးကိုကိုမြင့်တို့အား စစ်ဆေးစဉ်အချိန်၌ ရဲမှခေါ်ထားသည့် တရားလိုပြသက်သေ ရယကအဖွဲ့ဝင်များကိုယ်တိုင် ကယင်းတို့ (၂) ဦးသည်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း ရောင်းဝယ်ဖောက်ကားခြင်းမျိုး လုံးဝမလုပ်သည့်၊ လူကြီးလူကောင်းများသာဖြစ်ကြောင်း သက်သေထွက်ခဲ့ကြကြောင်းသိရပါသည်။ အဆိုပါ အခြေအနေမျိုးရှိနေပါလျက် ယခုကဲ့သို့ ထောင်ချလိုက်သည့်အပေါ် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်တဦးဖြစ်သည့် ဦးဉာဏ်ဝင်းက အောက်ပါအတိုင်း သုံးသပ်ပြောကြားသွားပါသည်။

"ဒါကတော့ အဖွဲ့ချုပ်ဝင်တွေမို့လို့ တမင်လုပ်ပြီးတော့ အပြစ်ပေးတယ်လို့ ထင်ရတာပဲ။ ဘာလို့လဲဆိုတော့ ဒီပုဂ္ဂိုလ်တွေဟာ ဒါတွေနဲ့လဲ ကင်းရှင်းတယ်။ သူတို့တင်လိုက်တဲ့ တရားလိုပြသက်သေတွေကိုယ်တိုင်က သူတို့ အကျင့်စာရိတ္တကောင်းကြောင်းတွေ ပြောသွားတယ်လို့ အန်ကယ်တို့သိရတာပေ့ါ။ ဒီလိုအခြေအနေမှာ အပြစ်ပေးတာဆိုတော့ တော်တော့်ကိုမကောင်းတဲ့ဟာပဲပေ့ါ။"

ဦးကိုကိုမြင့်သည် (၂၀၀၀) ခုနှစ်တုန်းကလည်း ရန်ကုန်အဖွဲ့ချုပ်ဗဟိုသို့ အစည်းအဝေးသွားတက်ပြီး အပြန်တွင် ဖမ်းဆီးခံခဲ့ရပါသေးသည်။ ထိုအချိန်က ထောင် (၇) နှစ် ချမှတ်ခံခဲ့ရပြီး၊ ပြီးခဲ့သည့် (၂၀၀၅) ခုနှစ် အစောပိုင်းကမှ ပြန်လွတ်လာသူဖြစ်ပါသည်။

အစသို့

## ဒေါ်မေဝင်းမြင့် ထောင်သက်တမ်း (၁) နှစ် ထပ်တိုးခံရ

*ဖေဖော်ဝါရီ ၂၀၀၆*

အင်းစိန်ထောင်တွင် ဖမ်းဆီးခံနေရသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်အား ထောင်သက်တမ်း (၁) နှစ် ထပ်တိုးလိုက်သည်ဟု သိရပါသည်။ ယခင်တိုးထားသည့် သက်တမ်းတနှစ် ပြည့်သည့်နေ့ဖြစ်သော၊ ပြီးခဲ့သည့်အပတ် သောကြာနေ့၌ ပုဒ်မ (၁၀–က) ဖြင့် နောက်ထပ်တနှစ် ထပ်တိုးလိုက်ခြင်းဖြစ်ကြောင်း၊ တနင်္လာနေ့က ထောင်ဝင်စာတွေ့ပြီး ပြန်လာသော၊ ခင်ပွန်းသည် ဦးဝင်းမြင့်က ဒီဗွီဘီထံ ပြောပြပါသည်။ ယခုအကြိမ်မှာ လွှတ်ရက်စေ့ပြီးသော်လည်း၊ ပြန်လွှတ်မပေးဘဲ ထောင်သက်တမ်းထပ်တိုးခံရခြင်း (၅) ကြိမ်မြောက်ဖြစ်ပါသည်။ ယခုတကြိမ်သက်တမ်းပြည့်ပါက ပြန်လွှတ်ပေးလိမ့်မည်ဟု မျှော်လင့်ထားသည့်အချိန်တွင် ယခုလို တနှစ် ထပ်တိုးလိုက်သည့်အတွက် စိတ်ပျက်မိကြောင်း ဒေါ်မေဝင်းမြင့်၏ ခင်ပွန်း ဦးဝင်းမြင့်က အောက်ပါအတိုင်း ပြောပြပါသည်။

"နဂိုကတည်းက ဒါပထမပြီးခဲ့ပြီပေ့ါနော်။ ပြီးခဲ့တော့ နောက်ဒါတွေ တိုးတိုးလာခဲ့တယ်။ ဒီတနှစ်ပြီးရင်တော့ ဘာမှထပ်ပြီးတော့၊ မတိုးတော့ဘူးလို့ နဂိုကမျှော်လင့်ထားတာ။ သူညီးဒီလိုပဲ မျှော်လင့်ထားတာပေ့ါ။ အဲဒီလို မျှော်လင့်ထားတဲ့နေရာကနေ၊ အခုလိုတိုးလာတာလေ။ ဘယ်လိုမှကို သိပ်ပြီးတော့ပြောလို့မရဘူး။ အကုန်မျှော်လင့် ထားကြတာပဲ။"

ဒေါက်တာမေဝင်းမြင့်သည် နှလုံးရောဂါ၊ သွေးတိုးနှင့် မျက်စိဝေဒနာများ ခံစားနေရပြီး ထောင်းတွင်းဆေးဝါး ကုသမှုမလုံလောက်သည့်အတွက်၊ သူမ၏ကျန်းမာရေးအပေါ် စိုးရိမ်မိကြောင်း ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်မှ ယခုလို ဆက်လက်ပြောပြသွားပါသည်။

"နဂိုကတည်းကိုက အကုန်လုံးက စိုးရိမ်စိတ်နဲ့ ဆိုနေကြတာပဲ။ ဘာလို့လဲဆိုတော့ သူ့ကကျန်းမာရေးအရလည်း ကောင်းတာမဟုတ်ဘူး။ နောက်တခါ ကျန်တဲ့ ကျန်းမာရေးအရ လိုအပ်တဲ့ Control လဲလုပ်လို့မရဘူး။ နောက်တခါ ကိုယ့်ရဲ့ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီတဲ့အစာအဟာရလည်း စားသုံးမှုမရဘူး။ အဲဒီလို အခြေအနေဆိုတော့ သူ့မိသားစုတွေက အကုန်လုံး စိုးရိမ်နေကြတယ်။"

ဒေါက်တာဒေါ်မေဝင်းမြင့်ကို (၁၉၉၇) ခုနှစ်က မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်လူငယ်ဖွဲ့စည်းရေးကော်မတီနှင့်စပ်လျဉ်း၍ အာဏာပိုင်များက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များက ချမှတ်ခဲ့သည့် ထောင်သက်တမ်း (၇) နှစ်ပြည့်သွားပြီ ဖြစ်သော်လည်း၊ ပြန်လွှတ်မပေးဘဲ ပုဒ်မ (၁၀–က) ဖြင့် ထောင်သက်တမ်းထပ်တိုးခံရခြင်းမှာ၊ ယခုတကြိမ်နှင့်ဆိုလျှင် (၂) နှစ်နှင့်(၆) လပြည့်သွားပြီဖြစ်ကြောင်း၊ ဒေါက်တာ ဒေါ်မေဝင်းမြင့်၏ ခင်ပွန်းဦးဝင်းမြင့်က ဒီဗွီဘီထံ ပြောကြားခဲ့ပါသည်။

အစသို့

# စာမျက်နှာ ၅

## အိန္ဒိယသမ္မတကြီး ခရီးစဉ်ကို ဒေါ်စုလွတ်မြောက်လာသည့် အချိန်အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆို

*၈ ဖေဖော်ဝါရီ ၂၀၀၆*

အိန္ဒိယနိုင်ငံသမ္မတကြီး အဒူကလန်၏ ရှေ့လအတွင်း၊ မြန်မာနိုင်ငံသို့အလည်အပတ် သွားရောက်မည့်ခရီးစဉ်ကို ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာသည့် အချိန်အထိ ရွှေ့ဆိုင်းပေးပါရန်၊ အိန္ဒိယနိုင်ငံက ထင်ရှားသူများနှင့် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများမှ တောင်းဆိုလိုက်ပါသည်၊ နယူးဒေလီမြို့တွင် ယခုလ (၆) ရက်နေ့မှ (၇) ရက်နေ့အထိ၊ ကျင်းပခဲ့သော မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အိန္ဒိယနိုင်ငံ၏ အခန်းကဏ္ဍဆိုသည့် ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးပွဲမှတောင်းဆိုလိုက်ခြင်းဖြစ်ပါသည်။

အဆိုပါဆွေးနွေးပွဲမှ အိန္ဒိယနိုင်ငံသမ္မတကြီး၏ခရီးစဉ်ကို၊ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမည့် အချိန်အထိ ရွှေ့ဆိုင်းပေးရန်အပါအဝင်၊ အချက် (၉) ချက်ကို အိန္ဒိယအစိုးရထံ တောင်းဆိုလိုက်ပါသည်၊ ထိုအချက်များထဲ၌ ရာဇာလီအစ္စမေးလ် နေရာအား၊ အစားထိုးမည့် ကုလသမဂ္ဂ၏မြန်မာ့အရေးကြားဝင်စေ့ပေးသူအသစ်တဦး အမြန်ခန့်ထားရေးကို၊ အိန္ဒိယအစိုးရမှအားပေးရန်နှင့် လာမယ့်ဧပြီလအတွင်း ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာတွင် ကျင်းပတော့မည့် ၊ (၆၂) ကြိမ်မြောက် လူ့အခွင့်အရေး ဆိုင်ရာ ကော်မရှင်ဆွေးနွေးပွဲက၊ မြန်မာအရေးဆုံးဖြတ်ချက်ချရာတွင် တက်တက်ကြွကြွပါဝင်ပါရန်ဆိုသည့် အချက်လည်းပါသည်။

ထိုဆွေးနွေးပွဲ၌ အတက်ကြွဆုံးနှင့် ဦးဆောင်ဆွေးနွေးသူတဦးဖြစ်သော အိန္ဒိယအစိုးရအဖွဲ့ အတွင်းဝန်ဟောင်း ဘီဘီနန်ဒီက ယခုကဲ့သို့ ဟောပြောခဲ့ခြင်းတွေ့ရပါသည်။

"အိန္ဒိယသမ္မတကြီးရဲ့ ရှေ့လမြန်မာနိုင်ငံသွားမယ့်ခရီးစဉ်ဟာ မှားယွင်းတဲ့အချက်ပြမှုပါပဲ။ မြန်မာပြည်ဒီမိုကရေစီထွန်းကားတာကို မြင်ချင်ပါတယ်ဆိုတဲ့ အိန္ဒိယရဲ့သဘောထားဟာ ဟန်ပြသက်သက်၊ တနည်းအားဖြင့် မိကျောင်းမျက်ရည်ဖြစ်တယ်ဆိုတာပြလိုက်တာပဲ။ ဒီအတွက် ကျနော်တို့အားလုံး ရှက်စရာကောင်းလွန်းပါတယ်။ဒါ့ကြောင့် ဒီဆွေးနွေးပွဲကနေ အိန္ဒိယသမ္မတကြီးရဲ့ ခရီးစဉ်ရွှေ့ဆိုင်းသွားအောင် Signature Campaign လက်မှတ်စုဆောင်း ကန့်ကွက်ပွဲကြီး လုပ်ဆောင်ဖို့ ကျနော် တိုက်တွန်းလိုပါတယ်"

ထိုဆွေးနွေးပွဲဖြစ်မြောက်အောင် စီစဉ်သူတဦးဖြစ်သော အာရှလူ့အခွင့်အရေးစင်တာ၏ ဒါရိုက်တာဆူဟာက်ချက်ကမာကလည်း အိန္ဒိယအစိုးရ၏ မြန်မာပြည်အပေါ် သဘောထားကို ယခုလို ပြင်းပြင်းထန်ထန် ဝေဖန်သွားပါသည်၊

"အိန္ဒိယအစိုးရရဲ့ မြန်မာနိုင်ငံအပေါ်မှာထားတဲ့မူဝါဒကတော့ သူများနောက်ကလိုက်တဲ့ မူဝါဒပဲ ဖြစ်ပါတယ်။ တရုတ်က မြန်မာပြည်အပေါ်စိုးမိုးလာတော့မှ စတင်ပြီး လိုက်လုပ်ပါတယ်။ ထိုင်းနိုင်ငံက မြန်မာနိုင်ငံရေးအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေး ဆွေးနွေးပွဲတွေလုပ်မှ အိန္ဒိယက နောက်ကနေလိုက်ပြီး သွားတက်ဆွေးနွေးတာတွေ လုပ်ဆောင်နေရပါတယ်။ အရာရာ နှေးကွေးလွန်းပါတယ်"

အဆိုပါဆွေးနွေးပွဲတွင် မြန်မာအရေးဆောင်ရွက်မည့် အိန္ဒိယပါလီမန်အမတ်များအဖွဲ့၏ နာယကကြီးဖြစ်သူ အမျိုးသမီးအထက်လွှတ်တော်အမတ် ဒေါက်တာနင်မလားဒေရှ်ပန်ဒစ်လည်း တက်ရောက်ပြီး မြန်မာနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့၌ ဒီမိုကရေစီထွန်းကားသည်ကို မြင်တွေ့ချင်သည့်အကြောင်း ပြောကြားခဲ့ပါသေးသည်။ (၂) ရက်ကြာ ပြုလုပ်ခဲ့သည့်ထိုဆွေးနွေးပွဲကို၊ အာရှလူ့အခွင့်အရေးစင်တာနှင့် မဏ္ဍိုမသတင်းဌာနတို့ ပူးတွဲကမကထလုပ် ကျင်းပခဲ့ခြင်းဖြစ်ပြီး၊ အိန္ဒိယနိုင်ငံမှ လွှတ်တော်အမတ်များ၊ ပညာရှင်များ၊ စာနယ်ဇင်းသမားများနှင့် မြန်မာ့ဒီမိုကရေစီအရေး လှုပ်ရှားသူများ တက်ရောက်ခဲ့ကြောင်း သိရပါသည်။

အစသို့

## ရှမ်းခေါင်းဆောင်များ ဖမ်းဆီးခံရခြင်း တနှစ်ပြည့်

*၉ ဖေဖော်ဝါရီ ၂၀၀၆*

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP အဖွဲ့ဝင်လည်းဖြစ် ရှမ်းဒီချုပ် ဥက္ကဋ္ဌလည်းဖြစ်သူ၊ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင်များ ဖမ်းဆီးခံရသည်မှာ၊ ယနေ့တနှစ်ပြည့်သည့်နေ့ဖြစ်ပါသည်။ မြန်မာ့နိုင်ငံရေး တိုးတက်ဖြစ်ထွန်းမှုများ ပေါ်ပေါက်လာစေရေးအတွက်၊ ဒီမိုကရေစီဘောင်အတွင်းမှ ကြိုးပမ်းဆောင်ရွက်နေသည့် တိုင်းရင်းသားခေါင်းဆောင် ဦးခွန်ထွန်းဦးအား၊ နအဖက ဖမ်းဆီးထောင်ချထားလိုက်ခြင်းမှာ၊ မဖြစ်သင့်သည့် လုပ်ရပ်တခုဖြစ်ကြောင်း၊ CRPP အတွင်းရေးမှူး ဦးအေးသာအောင်မှ ယခုလို ပြောပါသည်။

"အမှန်ကတော့ တိုင်းရင်းသားခေါင်းဆောင်တယောက်ဖြစ်တဲ့ ဦးခွန်ထွန်းဦးဟာ နိုင်ငံရေးသက်တမ်း (၁၇) နှစ်ကာလအတွင်းမှာ တိုင်းရင်းသားအရေး၊ ဒီမိုကရေစီအရေးကို ဒီမိုကရေစီဘောင်အတွင်းကပဲ တောက်လျှောက်လုပ်

လာခဲ့သူဖြစ်ပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တဦးကို၊ တိုင်းရင်းသားခေါင်းဆောင်တယောက်ကို နှစ်ရှည်ထောင်ဒဏ်တွေချ၊ ပြီးတော့ မိသားစုနဲ့ဝေးတဲ့ တရပ်တကျေးကိုပို့လိုက်တာဟာဖြင့်ရင်၊ အလွန်ပဲမဖြစ်သင့်တဲ့ လုပ်ရပ်တခုလို့ CRPP အနေနဲ့ သုံးသပ်ပါတယ်။"

ဇန်နဝါရီလ (၁၇) ရက်နေ့၌ ဒီဗွီဘီနှင့် ဆက်သွယ်မေးမြန်းခန်းအတွင်း CRPP အတွင်းရေးမှူး ဦးအေးသာအောင် ပြောပြခဲ့ခြင်းကို ပြန်လည်ထုတ်လွှင့်ခဲ့ခြင်းဖြစ်ပါသည်။ ဦးခွန်ထွန်းဦး အပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦးအား ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် အာဏာပိုင်များက ဖမ်းဆီးခဲ့ပြီး၊ နိုဝင်ဘာလနှောင်းပိုင်းတွင် ယင်းတို့အား ထောင်ဒဏ်နှစ်ရှည် များချမှတ်ခဲ့ပါသည်။ စွဲချက်တင်သည့် ပြစ်မှုများမှာ၊ နိုင်ငံတော်ပုန်ကန်မှုနှင့် စစ်အစိုးရအား အကြည်ညိုပျက်အောင်လုပ်ဆောင်မှု အပါအဝင်၊ အမှုပေါင်း (၁၀) ကျော်ရှိပြီး၊ ထောင်ဒဏ် (၇၉) နှစ်မှ (၁၀၆) နှစ်အထိ အသီးသီးချမှတ်ထားခြင်းဖြစ်ပါသည်။ သူတို့အမှုအတွက် အယူခံကိစ္စများကို အဖွဲ့ချုပ်ရှေ့နေများက လိုက်ပါဆောင်ရွက်ပေးနေကြပါသည်။ အယူခံကိစ္စ နောက်ဆုံး အခြေအနေနှင့်ပတ်သက်၍ ရှေ့နေဦးအောင်သိန်းမှ အောက်ပါအတိုင်း ရှင်းပြပါသည်။

"ဒီအမှုတွေကို ကျနော်တို့က ကြိုးစားပမ်းစားဆောင်ရွက်နေတဲ့အခါမှာ တချို့ဟာတွေလည်း အခက်ခဲတွေ ရှိတာတွေ တွေ့တယ်။ အဲဒီအခက်ခဲတွေက ဘာတွေလဲဆိုတော့ အမှုတွဲကို ဖတ်ရတာနဲ့၊ အမှုတွဲကူးရတာနဲ့ အချိန်အတော်လေးပေးရတဲ့ အခက်ခဲတွေပါတယ်။ ဒီလိုအမှုကြီးမျိုးကို ကျနော်တို့ လွယ်လင့်တကူလေး စီရင်ချက်ပြင်ဆင်ရေးလို့မရဘူး။ ဆိုကြပါစို့ ရှာဖွေပုံစံတို့၊ သက်သေခံပစ္စည်းတို့မှာ ဘယ်လိုအထောက်အထားတွေရှိသလဲ၊ ဘယ်လိုပေါ်ပေါက်နေလဲ၊ အဲဒီဟာအပေါ်မှာ ဘယ်လိုတရားရုံးက သုံးသပ်သလဲ၊ သက်သေတွေက ဘယ်လိုထွက်လဲဆိုတာကို ကျနော်တို့က အသေးစိတ်ဖတ်နိုင်မှ၊ အယူခံအမှုကို ပြင်ဆင်ခွင့် ရေးနိုင်မယ်။ အဲဒီအတွက် ကတော့ နည်းနည်းအချိန်ယူရပါတယ်။ ကျနော်တို့ အဓိထားတာကတော့ သတ်မှတ်ရက် ကုန်ဆုံးမယ်ဆိုတဲ့၊ ကာလစည်းကမ်း သတ်မှတ်ရက် မကျော်လွန်ခင်မှာ အပြီးတင်နိုင်လိမ့်မယ်ဖို့ အစီစဉ်လုပ်နေပါတယ်။"

ဦးခွန်ထွန်းဦးအား ချမှတ်ထားသည့် ထောင်ဒဏ်များမှာ အနည်းဆုံး (၇၉) နှစ်မှ (၁၀၆) နှစ်အထိ ရှိသည့်အတွက်၊ ထောင်သက်တမ်းစေ့နေရဖို့ အလားအလာရှိပါသလားဆိုသည့် အမေးကို၊ ဦးအောင်သိန်းက ယခုလို သုံးသပ်ဖြေကြား သွားပါသည်။

"ကျနော်တို့ကတော့ ဆောင်ရွက်ရမယ့် အမှုအပေါ်မှာပဲ ပြောနိုင်မယ်လေ။ သက်တမ်းကုန်အောင်နေရမယ်၊ မနေရဘူးဆိုတာကတော့ နိုင်ငံရေးအခြေအနေအပေါ်မှာ အများကြီးမူတည်တာပေါ့။ သို့သော်လည်း ကျနော်တို့က အဲဒါကို သွားပြီးတော့ စဉ်းစားနေလို့မရဘူး။ အမှုချမှတ်ထားတဲ့ ပြစ်ဒဏ်ဟာလျော်ညီမှုမရှိဘူး၊ ဘယ်လိုဟာတွေ အားနည်းချက်ရှိတယ်၊ ဒါတွေက ဒီလိုပြစ်ဒဏ်တွေ မဖြစ်သင့်ဘူးဆိုတာ အဆင့်ဆင့်ကို တင်ပြရမယ့်၊ ကျနော်တို့ တင်ပြနိုင်မယ့် အားအပေါ်မှာပဲ အခြေပြုပါတယ်။ သက်တမ်းပြည့်အောင်နေရမယ် မနေရဘူးဆိုတဲ့ ကိစ္စတွေကတော့ နိုင်ငံရေးအမှုတွေဖြစ်တဲ့အတွက်၊ နိုင်ငံရေးအခြေအနေပေါ်မှာ အများကြီးမူတည်တယ်လို့ ကျနော်ထင်ပါတယ်။"

ရှမ်းတိုင်းရင်းသားခေါင်းဆောင် (၈) ဦးအား၊ နအဖက ထောင်နှစ်ရှည် အသီးသီးချထားသည့်အပြင် မိသားစုများနှင့် ဝေးသည့် အကျဉ်းထောင်များသို့ ပို့ဆောင်ထားပါသည်။ ယင်းတို့ (၈) ဦးကမှာ ငြိမ်းအဖွဲ့တခုဖြစ်သည့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နာယက ဗိုလ်ချုပ်ဆေထင် (၁၀၆) နှစ် ခန္တီးထောင်၊ ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး (၉၃) နှစ် ပူတာအိုထောင်၊ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင် (၈၅) နှစ် ကလေးထောင်၊ အဖွဲ့ဝင် စိုင်းလှအောင် (၇၉) နှစ် ကျောက်ဖြူထောင်၊ ရှမ်းပြည် မျိုးဆက်သစ် ကျောင်းသားလူငယ်များအဖွဲ့မှ ဦးမြင့်သန်း (၅၉) နှစ် သံတွဲထောင်၊ ဦးထွန်းညို (၇၉) နှစ် ဘူးသီးတောင်ထောင်၊ စိုင်းညီညီမိုး (၇၉) နှစ် ပခုက္ကူထောင်နှင့် စိုင်းမျိုးဝင်းထွန်း (၇၉) နှစ် မြင်းခြံထောင်တို့ ဖြစ်ပါသည်။ ယင်းတို့နှင့်အတူ အဖမ်းခံခဲ့ရသည့် စဝ်သာဦးမှာ (ဖော်ကောင်) သို့မဟုတ် အစိုးရသက်သေလုပ်သွားသည့် အတွက်၊ ထောင် (၁၂) နှစ်သာ ကျခံခဲ့ရခြင်းဖြစ်ကြောင်း၊ အစောပိုင်းမှာ သတင်းများထွက်ပေါ်ခဲ့သော်လည်း၊ ယခုနောက်ဆုံးရသည့် သတင်းများအရ ၊ သူ့ကို လုံးဝလွှတ်ပေးလိုက်ပြီဟုသိရပါသည်။

အစသို့

## ကိုခင်မောင်လွင်တစ်လပြည့်ဆွမ်းသွပ်ပွဲကျင်းပမည်

*၁၀ ဖေဖော်ဝါရီ ၂၀၀၆*

ပူတာအိုထောင်၌သေဆုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်လွင်အတွက် တစ်လပြည့်ဆွမ်းသွပ် အခမ်းအနားကို၊ မနက်ဖြန် နံနက် ဒေါပုံမြို့နေအိမ်တွင် ကျင်းပမည်ဖြစ်ကြောင်းသိရပါသည်။ ကိုခင်မောင်လွင်၏ ဈာပန အခမ်းအနားနှင့် ရက်လည်ဆွမ်းသွပ်ပွဲ များ၌ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပူတာအိုမြို့ခံများ၊ ရန်ကုန်မြို့မှ ဒီမိုကရေစီ လိုလားထောက်ခံသူများအားလုံးကို ကျေးဇူးအထူး တင်ရှိကြောင်း နှင့် ကိုခင်မောင်လွင်သေဆုံးရသည်မှာအာဏာပိုင်များ၏

# စာမျက်နှာ ၇

တာဝန်ပျက်ကွက်မှုကြောင့် မသေသင့်ဘဲသေဆုံးသွားရခြင်း ဖြစ်ကြောင်း မိခင်ဖြစ်သူ ဒေါ်သန်းအေးမှ ပြောကြားသွားခဲ့ပါသည်။ ကိုခင်မောင်လွင် ကွယ်လွန်ခဲ့ရသည့် တလပြည့်မြောက်သည့်နေ့တွင် မိခင်တယောက်အနေဖြင့် ဘာများပြောကြားလိုပါသလဲဟု မေးမြန်းကြည့်ရာ – –

"နှလုံးကွဲမတတ်ခံစားခဲ့ရတာပေ့ါ။ ဘယ်လိုပြောမလဲ သူ့ဓါတ်ပုံကိုမြင်ရင် ရင်ထဲအောင့်နေတုန်းပဲ။ စိတ်မကောင်းဖြစ်နေတုန်းဘဲ။ သူ့ဓါတ်ပုံကိုမော့ကြည့်လိုက် ငိုလိုက်နဲ့၊ အရမ်းကိုခံစားနေရတုန်းဘဲ။ စိတ်ထဲမှာ မင်းသေမယ့်အစား ငါသေသွားရင်ကောင်းမယ်မယ်ပေ့ါ။ ဘာလို့လဲဆိုတော့ အမေက အသက် (၆၀) ကျော်ပြီလေ။ ငါ့သားက မသေသင့်ဘဲ သေရတာလို့ သူတို့ရှေ့မှာ ဒီလိုဘဲပြောပြောပြီးငိုခဲ့တယ်။ မကြုံပါရစေနဲ့လို့လည်းဆုတောင်းတယ်။ အဲဒါကျန်တဲ့သူတွေအတွက်ကိုရောပြောတာ။ ရောဂါဖြစ်တယ်ဆိုရင်ပြန်လွှတ်ပေးသင့်တာပေ့ါ။ အကုန်လုံးကိုပြောတာပါ။ ကိုယ့်သားက လူဆိုးတစ်ယောက်ဆိုရင်လည်း တော်သေးတာပေ့ါ။ အခုဟာက ကိုယ့်သားက လူဆိုးမှ မဟုတ်တာ။ တိုင်းပြည်အတွက်လုပ်ရင်းဖြစ်ရတာ။ ဒီတော့ ရင်ထုမနာ ပိုပြီးဖြစ်ရတော့တာပေ့ါ။ သူတို့ကိုတော့ ဘာမှမပြောလိုတော့ပါဘူး။ သူတို့က ကမ်းကုန်နေတဲ့လူတွေဘဲဟာ။ ပြောရက်သားနဲ့မကြားချင်ယောင်ဆောင်နေလို့ သေရတဲ့ဥစ္စာ။ အိမ်ရောက်လို့သေရတာဆိုရင် ဖြေသာသေးတယ်။ မအေလက်ထဲရောက်လို့၊ မအေလက်ထဲရောက်မှ သေရတာဆိုရင် ကျေနပ်သေးတယ်။ ဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုး မကြုံကြပါစေနဲ့လို့။ ဒီလိုလူမျိုးတွေနဲ့လည်း ဒီဘဝ ဒီမျှနဲ့ ကျေပါစေလို့ဆုတောင်းပါတယ်။ သူ့လိုအဖြစ်မျိုး ဘယ်သူ့မှ မကြုံကြပါစေနဲ့လို့ ဆုတောင်းပေးပါတယ်။"

ကိုခင်မောင်လွင် မိခင် ဒေါ်သန်းအေး၏ ခံစားချက်များဖြစ်ပါသည်။

အစသို့

## ရှမ်းဝါရင့်ခေါင်းဆောင် ဦးရွှေအုန်းအား ပြန်လွှတ်ပေးလိုက်ပြီ

*၁၀ဖေဖော်ဝါရီ၂၀၀၆*

ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးတို့နှင့်အတူ တရက်တည်းဖမ်းဆီးခံခဲ့ရသည့် ရှမ်းဝါရင့်ခေါင်းဆောင်ဦးရွှေအုန်း အား၊ အာဏာပိုင်များက ပြန်လွှတ်ပေးလိုက်ကြောင်း သိရပါသည်။ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီ (၉)ရက်နေ့ကတည်းကစ၍ တောင်ကြီးမြို့ရှိ ၄င်း၏ညီနေအိမ်၌ အကျယ်ချုပ်ဖမ်းဆီးထားရာမှ၊ ယမန်နေ့က ယခုကဲ့သို့ပြန်လွှတ်ပေးခြင်းဖြစ်ကြောင်း၊ အသက် (၄၈) နှစ် ရှိပြီဖြစ်သည့် ဦးရွှေအုန်းက ဒီဗွီဘီထံ ပြောကြားခဲ့ပါသည်။ ပုဒ်မ (၁၀–ခ)နှင့် သူ့အား ဖမ်းဆီးခြင်းဖြစ်ကြောင်း၊ အာဏာပိုင်များက ပြောသော်လည်း၊ သူ့အနေနှင့် မည်သည့်ပြစ်မှုမှ ကျူးလွန်ခြင်းမရှိသလို၊ အခြားဖမ်းဆီးခံ (၉) ဦးသည်လည်း မည်သည့်ပြစ်မှုမှကျူးလွန်ခြင်းမရှိကြောင်း ဦးရွှေအုန်းက ပြောကြားခဲ့ပါသည်။

ယခု ဦးရွှေအုန်းနှင့် ဆက်သွယ်ပြီး ကိုထက်အောင်ကျော်က မေးမြန်းထားခြင်းဖြစ်ပါသည်။

ဒီဗွီဘီ ။ ။ အဘကိုဒီနေ့လွှတ်ပေးလိုက်တယ်ကြားလို့။

"ဟုတ်ပါတယ်။ ဒီနေ့တော့ မဟုတ်ဘူး။ (၈) ရက်နေ့က"

ဒီဗွီဘီ ။ ။ (၈) ရက်နေ့ကအကျယ်ချုပ်က ပြီးသွားပြီပေ့ါ။ ဘယ်လောက်ကြာသလဲအဘ။

"(၁) နှစ်ပြည့်ဖို့ (၁) ရက်လိုတော့တာပေ့ါ။ (၉) ရက်နေ့အထိကျတယ်။ (၈) ရက်နေ့လွှတ်ပေးလိုက်တော့ (၁) ရက်လိုတာပေ့ါ။ "

ဒီဗွီဘီ ။ ။ ကျနော်တို့ကြားတာ(၆)လ နှစ်ခါလား။

"မဟုတ်ဘူး (၁) နှစ်ချတာ။ နောက်ထပ်တိုးချင်ရင် (၆) လတခါတိုးလို့ရတာပေ့ါ။

ဒီဗွီဘီ ။ ။ အခုကတော့ကွင်းလုံးကျွတ်လွှတ်လိုက်ပြီပေ့ါ။

"ဒါပေ့ါလေ၊ အရင်ကန့်သတ်ချက်ကို ပယ်လိုက်တာပေ့ါ။ ဘာမှ အကြီးကျယ်မရှိတော့ဘူး။"

ဒီဗွီဘီ ။ ။ အခုလွှတ်လိုက်တာတော့ ဘာမလုပ်ရ၊ ညာမလုပ်ရကန့်သတ်ချက်တွေရှိသေးလား။

"မရှိပါဘူး၊ မရှိပါဘူး။"

ဒီဗွီဘီ ။ ။ (၈) ရက်နေ့ဆိုတော့ ဒီနေ့ (၁၀) ရက်ရှိပြီဆိုတော့ ပြီးရင်ဘယ်ကို ပြန်မှာလဲ။ ရန်ကုန်ပဲ ပြန်မှာလားအဘ။

"ဒီနေ့ (၁၀)ရက်ဆိုတော့ မနက်ဖြန်ဆို ရန်ကုန်ပြန်မှာ"

ဒီဗွီဘီ ။ ။ သတင်းကောင်းပေ့ါ။ တနှစ်လုံးလုံး ဘယ်လိုနေလဲ။ အကျယ်ချုပ်ဆိုတော့ အဘဘယ်လိုနေလဲ။

"အိမ်ထဲမှာ ဘာမှမဖြစ်ပါဘူး။ သူတို့လုံခြုံရေထိခိုက်မှာစိုးလို့ပေ့ါ။ ဒါပေမဲ့ ဘာအကြောင်းမှမရှိဘူး။ အပြင်တော့ ဘယ်ထွက်ရမလဲ။

ဒီဗွီဘီ ။ ။ ဘယ်လိုပြောလဲအဘ။ ကျနော်တို့ကို ရှင်းပြလို့ရမလား။ တစ်နှစ်အကျယ်ချုပ်က ဘယ်လောက်ချုပ်တယ်။

# စာမျက်နှာ ၈

ဘယ်လိုပုဒ်မတွေနဲ့။

“ဘာအကြောင်းမှမရှိဘူး။ သူတို့လုံခြုံရေးထိခိုက်မှာစိုးလို့ပေါ့။ ဒါပဲ ဘာအကြောင်းမှမရှိဘူး။ အကြောင်းမှ မပြပဲ။ “

ဒီဗွီဘီ ။ ။ ပုဒ်မတွေဘာတွေက အရင်အဘဖမ်းတော့ ပုဒ်မ (၁၀–ခ)လို့။

“ပုဒ်မရှိတယ်လေ။ ပုဒ်မဆိုတာက သူတို့နိုင်ငံတော်ကို အနှောက်အယှက်ဖြစ်မှုက ကာကွယ်တဲ့ဥပဒေ ဆိုလား မသိပါဘူး။”

ဒီဗွီဘီ ။ ။ ပုဒ်မ (၁၀–ခ) ဆိုတာရော။

“ဟုတ်ပါတယ်”

ဒီဗွီဘီ ။ ။ အခုလွှတ်လိုက်ပြီဆိုတော့ ပြောပြလို့ရမလား။ (၈) ရက်နေ့ ရှမ်းပြည်နယ်နေ့ပြီတော့ အဘတို့ကို ဖမ်းတာပေါ့။ ဘယ်လိုလဲအဲ့ဒါ။

“ဖမ်းတာကတော့ဟုတ်တယ်။ ရှမ်းပြည်နယ်နေ့ ထမင်းစားပွဲပြီးနောက်တရက်မှာဖမ်းတာ။ ရှမ်းပြည်နယ်ထမင်းစားပွဲက(၇)ရက်နေ့လေ။ ကျန်တဲ့သူတွေက (၈) ရက်နေ့မှာအဖမ်းခံရတယ်။ ကျနော်က (၉) ရက်နေ့မှာ။ ဖမ်းတာမဟုတ်ဘူး ပေါ့လေ။ ချုပ်ချယ်တာပေါ့။”

ဒီဗွီဘီ ။ ။ ကျန်တဲ့သူတွေက ထောင်ကျနေတဲ့အခါကြတော့။

“ကျတော်တို့နဲ့အတူတူ (၁၀) ယောက်လေ။ (၉) ယောက်ကတော့ ထောင်ချထားတာပဲ။ (၁) ယောက်တော့ ပြန်လွှတ်လိုက်ပြီ၊ (၈)ယောက်က သိပ်မများပါဘူး နှစ် (၄၀)၊ (၅၀) တို့(၁၀၀)တို့ အဲ့ဒီလောက်ပဲချထားတာ။”

ဒီဗွီဘီ ။ ။ အဓိက အဘတို့ တောင်ကြီးမှာလုပ်တဲ့ ရှမ်းပြည်နယ်နေ့ပြီးတော့ ဖမ်းတယ်ဆိုတော့ အဓိကက ဘာလုပ်မိလို့ လဲအဘ။

“ရှမ်းပြည်နယ်နေ့ကြောင့်မို့ ဖမ်းတာတော့ မဟုတ်ဘူး။ ကျတော်တို့အသင်းဝင်တွေအမျိုးသားညီလာခံတက်မယ်။ အမျိုးသားညီလာခံတက်တယ်ဆိုတော့ သူတို့က လက်နက်နဲ့တိုက်တာပဲ နားလည်တယ်လေ။နိုင်ငံရေးနားမလည်ဘူး။ အမျိုးသားညီလာခံတက်ရင်။ သူတို့ကို အကြံပေးဖို့ဆိုပြီးတော့ အကြံပေးဖို့ဖွဲ့တာ။ အဲဒါအကြံပေးအဖွဲ့ ဖွဲ့တဲ့အနေနဲ့ လုပ်ပြီးတော့ ရှမ်းပြည်နယ်နေ့မှာ စုပြီးတော့ ထမင်းစားတာပါပဲ။ ရှမ်းပြည်နယ်နေ့အထိမ်းအမှတ် ထမင်းစားပွဲလုပ်တာ။

ဒီဗွီဘီ ။ ။ အဲဒါနဲ့ဖမ်းရောလား။

“ဒါပေါ့။ အဲဒါနဲ့ ဖမ်းရုံတင်လား။ ဦးခွန်ထွန်းဦးတို့ နှစ်(၁၀၀) ကျော်ချတာ၊ ဘာတွေမှန်းလဲမသိဘူး။”

ဒီဗွီဘီ ။ ။ အဘ မရှင်းလို့။ ထမင်းစားပွဲလုပ်တယ်။ အဲဒီမှာအကြံပေးကော်မတီဖွဲ့တယ်။ လုပ်တာ အဲဒါပဲပေါ့။

“ဟုတ်တယ်။ ဒါပဲပေါ့။ ကျနော်သိတာ ဒါပဲသိတယ်လေ။

ဒီဗွီဘီ ။ ။ တခြားသူတို့စွပ်စွဲတဲ့ပုဒ်မတွေနဲ့၊ ဟိုနိုင်ငံတော်ပုန်ကုန်ရန် ကြံစည်မှုတို့။

“ပုဒ်မတွေက အများကြီးပြောတယ်။ ဘာတွေမှန်းလဲ မသိဘူး။ အထူးသဖြင့်သူတို့က ပုဒ်မကြီးတွေဆိုတော့ သေဒဏ်ထိပေးဖို့လည်းပါတယ်။ အဲဒါဆိုအမှန်က ကိုယ်ကြိုက်တဲ့ ရှေ့နေကိုငှားပိုင်ခွင့်ရှိတယ်။ အခုသူတို့က ဘယ်လိုလဲ ဆိုတော့၊ ကိုယ်ကြိုက်တဲ့ရှေ့နေကို ငှားခွင့်မရှိဘူးလေ။ သူတို့ပေးတဲ့ရှေ့နေပဲပေါ့။ အစိုးရပေးတဲ့ရှေ့နေပေါ့။ တရားခံဆိုပေမဲ့ တရားလိုပဲ ထွက်သွားတာပေါ့။ တရားမျှတတဲ့ဟာ ဘယ်ရှိတော့မလဲ။ “

ဒီဗွီဘီ ။ ။ သေချာတာက အဲဒီနေ့က ရှမ်းပြည်နယ်နေ့အခမ်းအနားလုပ်တယ်။ ပြီးတော့ အတိုင်ပင်ခံအဖွဲ့ဖွဲ့တယ်အဲဒါပဲပေါ့။

“ဟုတ်တယ်။ အမှန်က အတိုင်ပင်ခံအဖွဲ့ ဖွဲ့တာလည်းမဟုတ်ဘူး။ အတိုင်ပင်ခံအဖွဲ့ ဖွဲ့လို့ဖမ်းတဲ့ဥပဒေပုဒ်မ မရှိဘူး။ အခုသူတို့ဖမ်းတဲ့ပုဒ်မက ဘာပုဒ်မတွေလဲကောင်းကောင်းမသိဘူး။”

ဒီဗွီဘီ ။ ။ အဘတို့တောင်ကြီးမှာအစည်းအဝေလုပ်တာနဲ့ ခွန်ထွန်းဦးတို့ ရန်ကုန်မှာဖမ်းတာနဲ့ ဘယ်လိုဆပ်စပ်လဲ။

“အဲဒါပေါ့။ ဦးခွန်ထွန်းဦးတို့ ညီလာခံမတက်ဘူးလို့ဆုံးဖြတ်ထားတဲ့အဖွဲ့။ အလင်းဝင်တာက ညီလာခံတက်မယ်လို့ ဆုံးဖြတ်ထားတဲ့အဖွဲ့။ တက်မယ့်လူရော။ မတက်မယ့်လူရော သိမ်းကြုံးဖမ်းပစ်တာပဲ။”

ဒီဗွီဘီ ။ ။ အလင်းဝင်တယ်ဆိုတာက SSA နဲ့ SSNA ကို ပြောတာလား။

“ပါတယ်လေ။ SSA တို့၊ ကယန်းတို့၊ ပလောင်တို့ပါ ပါတယ်။ နဂိုကလဲ ပါခဲ့တာပဲ။ ပအို့ဝ်လည်းပါသေးတာပဲ။”

ဒီဗွီဘီ ။ ။ ဖမ်းတာကတော့ ဗိုလ်ချုပ်ဆေထင်တစ်ယောက်ထဲနော်။ ငြိမ်းအဖွဲ့က။

“ငြိမ်းချမ်းရေးအဖွဲ့ထဲမှာတော့ သူတယောက်ပဲ။”

ဒီဗွီဘီ ။ ။ အခု အဘပြန်လွှတ်လာပြီပေါ့။ (၁) နှစ်ကျော်ပြီ။ ကျန်တဲ့သူတွေက (၉၃)နှစ်တို့၊ (၁၀၀) တို့ဆိုတော့

သူတို့အတွက်ရော အဘာဘာပြောစရာရှိမလဲ။

"သူတို့ကတော့အယူခံတော့ တင်ထားတယ်လေ။ (၉) ယောက်မှာ (၁)ယောက်ကပြန်လွှတ်လာပြီ။ (၈)ယောက်ကျန်တာပေါ့။ (၈)ယောက်က အယူခံတော့သူတို့တင်ထားတယ်ပြောတယ်။ ကျနော် ရန်ကုန်ရောက်မှ သိရမယ်လေ။ ဘာမှ အတိအကျမသိဘူး။"

ဒီဗွီဘီ ॥ ॥ သဘက်ခါဆိုပြည်ထောင်စုနေ့ဖြစ်ပြီ။ ပြည်ထောင်စုနေ့မတိုင်ခင်မှာ အဘကိုပြန်လွှတ်လိုက်တာ ကောင်းတာပေါ့ အဘ။ ပြည်ထောင်စုနေ့အတွက်။

"ပြည်ထောင်စုနေ့အချိန်မီ ပြည်ထောင်စုနေ့ တက်လည်းတက်လိုက်မယ်။ SNLD မှာသူတို့ဖိတ်ဖိတ်မဖိတ်ဖိတ် ကျတော်သွားမှာပေါ့။"

ဒီဗွီဘီ ॥ ॥ ပြည်ထောင်စုနေ့ဆိုတော့၊ ပင်လုံစာချုပ်သိမီခဲ့တာ၊ သက်ရှိထင်ရှား အဘတယောက်ပဲ ကျန်တော့တာလား။ ဘယ်သူတွေကျန်သေးလဲမသိဘူး။

"ပြောမယ်ဆိုရင် တယောက်ပဲ ကျန်တော့တာပေါ့။ ထဲထဲဝင်ဝင်သိတဲ့သူပေါ့။"

ဒီဗွီဘီ ॥ ॥ အဘကိုပြည်ထောင်စုနေ့မတိုင်ခင်လေး လွှတ်ပေးလိုက်တော့၊ ပင်လုံစာချုပ်လဲ မီတဲ့လူတယောက်ဖြစ်တော့ ဘာပြောစရာရှိမလဲအဘ။ ပြည်ထောင်စုနဲ့ ပတ်သတ်ပြီး။

"အမှန်ပြောရရင်တော့၊ တတ်နိုင်ရင်တော့ အားလုံးညီညီညွတ်ညွတ်နဲ့ အေးချမ်းသာယာသောတိုင်းပြည် ကြီးပေါ့။ ကျနော်တို့လိုချင်တာကတော့ ဒီမိုကရေစီလိုချင်တယ်။ စစ်မှန်သော ပြည်ထောင်စုလိုချင်တယ်။ ဒါပဲကျနော်လိုချင်တယ်။"

အစသို့

## အဖွဲ့ချုပ်ဝင်များအား နအဖမှ ဖမ်းဆီးထောင်ချခြင်းများ ပိုလုပ်လာ

*၁၀၊ဖေဖော်ဝါရီ၊ ၂၀၀၆*

နအဖ အာဏာပိုင်များမှ အဖွဲ့ချုပ်အဖွဲ့ဝင်များအား ဖမ်းဆီးထောင်ချခြင်းများပို၍ပြုလုပ်လာနေကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ပြောကြားလိုက်ပါသည်။ မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် အဖွဲ့ချုပ်စည်းအဖွဲ့ဝင်နှင့် လူငယ်တာခံ ကိုသိန်းအေးအား လူခိုးမှု ပုဒ်မ (၃၃၆) ဖြင့် မတရားစွဲချက်တင်၍ ထောင် (၅) နှစ်ချမှတ်ခဲ့ပါသည်။ အလားတူ ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၊ ကျည်စုကျုံးဖါးကျေးရွာမှ အဖွဲ့ချုပ်အတွင်းရေးမှူး ဦးအေးဝင်းကိုလည်း ကျေးရွာအာဏာပိုင်များ၏၊ မတရားငွေကောက်ခံမှုကို ဖြေရှင်းပေးပါရန် တရားရုံးထံ တိုင်ကြားသည်ဟုဆို၍ လွန်ခဲ့သည့် ဒီဇင်ဘာလတွင် ထောင် (၂) နှစ် ချမှတ်ခဲ့သည်။ ကချင်ပြည်နယ် ရွှေဂူမြို့နယ် စည်းအဖွဲ့ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့ကိုလည်း နေအိမ်ဝင်းအတွင်း ဘိန်းထုတ်တွေ့သည်ဆို၍ ဖမ်းဆီးခဲ့ပြီးနောက် ယခုလ (၇) ရက်နေ့တွင် ထောင် (၇) နှစ်ချမှတ်ခဲ့သည်။ ယခုနောက်ဆုံး အဖမ်းခံရသူများမှာ စစ်ကိုင်းတိုင်း အင်းတော်မြို့နယ် ဗောဓိကျေးရွာမှ အဖွဲ့ချုပ်ဝင်များဖြစ်ကြသည့် ကိုသန်းဝင်းနှင့် ကိုဖေဝင်းတို့ ဖြစ်ကြပါသည်။ နအဖ ၏ ကြက်ဆူပင်စိုက်ပျိုးရေး စီမံကိန်းကို ဆန့်ကျင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဖမ်းဆီးခြင်း ဖြစ်ကြောင်း သိရပါသည်။

ယခုကဲ့သို့ အဖွဲ့ချုပ်ဝင်များအား အမှန်တကယ် မကျူးလွန်သည့် ပုဒ်မများနှင့် ဖမ်းဆီးထောင်ချနေခြင်းများ ဆက်တိုက်ပြုလုပ်လာခြင်းမှာ အဖွဲ့ချုပ်ဝင်များအပေါ် အာဏာပိုင်များက ပို၍ဖိနှိပ်လာခြင်းပင်ဖြစ်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း က ပြောဆိုဝေဖန်လိုက်ပါသည်။

"ဟိုနားမှာဖမ်းတယ်၊ ဒီနားမှာဖမ်းတယ်ဆိုတော့ ဒါဟာ အန်အယ်လ်ဒီအဖွဲ့ဝင်တွေအပေါ် ဖိနှိပ်မှုတွေက အရင်ထက် ပိုများလာတယ်လို့ ယူဆလို့ရတယ်။ ပိုပြီးတော့လည်း ဖိနှိပ်ခံလာနေရတယ်လို့မြင်တယ်။ အကြောင်းကတော့ အန်အယ်လ်ဒီဟာ အဓိက အတိုက်အခံပါတီဖြစ်နေတာကိုး။ အကြောင်းကတော့ ဒါပါဘဲ။ အဓိကအတိုက်အခံကို နှိပ်ကွပ်တာလေ။"

အဖွဲ့ချုပ်ပြောခွင့်ရ ပုဂ္ဂိုလ် ဦးဉာဏ်ဝင်း၏ ပြောကြားချက်များဖြစ်ပါသည်။

အစသို့

## ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် သက်တမ်းတနှစ် ထပ်တိုး

*၁၃၊ဖေဖော်ဝါရီ၊ ၂၀၀၆*

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု ဥက္ကဋ္ဌ ဦးတင်ဦးအား၊ နအဖက နေအိမ်အကျယ်ချုပ်သက်တမ်း နောက်ထပ်တနှစ် ထပ်တိုးလိုက်ကြောင်း သိရပါသည်။ နအဖအာဏာပိုင်များမှ ယနေ့ ဦးတင်ဦး၏ နေအိမ်သို့ရောက်လာပြီး အကျယ်ချုပ်

# စာမျက်နှာ ၁၀

သက်တမ်းတနှစ်ထပ်တိုးကြောင်း၊ အသိပေးသွားသည်ဟုဆိုပါသည်။ အဆိုပါသတင်းနှင့်ပတ်သက်၍ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းကို ဆက်သွယ်မေးကြည့်သည့်အခါ – –

“ကျနော်တို့လည်း တိုက်ရိုက်တော့ အဆက်အသွယ်မရှိပါဘူး။ တဆင့်စကား တဆင့်နားနဲ့ ကြားရတာတော့ တနှစ်သက်တမ်းတိုးတယ်လို့ သိရပါတယ်။”

အသက်အရွယ်ကြီးနေပြီဖြစ်သည့် ဦးတင်ဦးအား ယခုကဲ့သို့နေအိမ်အကျယ်ချုပ် သက်တမ်းထပ်တိုးလိုက် သည့်အတွက် သူ့၏ကျန်းမာရေးအတွက် အထူးစိုးရိမ်မိကြောင်း ဦးမြင့်သိန်းက အောက်ပါအတိုင်းပြောပါသည်။ “ဟုတ်ကဲ့ကျနော်တို့ ဒု–ဥက္ကဌ ဦးတင်ဦးတို့ဟာ ဘာမှအပြစ်တစုံတရာမရှိဘဲနဲ့ အကျယ်ချုပ်အဖြစ် ထိန်းသိမ်းထားခံရတဲ့ ပုဂ္ဂိုလ်ကြီးတွေပါ။ ပြီးတော့ အသက်အရွယ်အားဖြင့်လည်း ဘာပြောပြော ကြီးရင့်နေတဲ့ အနေအထားရှိပါတယ်။ အထူးသဖြင့် အန်ကယ်ဦးတင်ဦးဟာ ဆီးကျိတ်ရောဂါလည်း ရှိပါတယ်။ ထို့အတူ အသက်ကြီးလာ တဲ့အတွက် အခြားရောဂါတွေ သူ့မှာရှိပါတယ်။ ဘာပဲပြောပြော လွတ်လွတ်လပ်လပ် ကုသခွင့်မရတဲ့ အတွက်ကြောင့် ကျန်းမာရေးအနေအထားအားဖြင့်တော့ ကျနော်တို့စိုးရိမ်မှု အထူးဖြစ်ပါတယ်။”

အဖွဲ့ချုပ် ဒု– ဥက္ကဌ ဦးတင်ဦးအား နအဖက နေအိမ်အကျယ်ချုပ် သက်တမ်းနောက်တနှစ် ထပ်တိုးလိုက်သည့်အပေါ် အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်း၏ စိုးရိမ်ချက် ဖြစ်ပါသည်။ ဦးတင်ဦးသည် (၂၀၀၃) မေ (၃၀) အရေးအခင်းအတွင်း ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ ပထမ ကလေးထောင်၌ လအတန်ကြာချုပ်နှောင်ထားခဲ့ပြီး နောက်ပိုင်း နေအိမ်အကျယ်ချုပ်နှင့် ဆက်လက် ထိမ်းသိမ်းထားခြင်းဖြစ်ပါသည်။

အစသို့

## ဦးတင်ဦးအား သက်တမ်းတိုးလိုက်သည့်အပေါ် AI အဖွဲ့ကြီးက နအဖကို ပြစ်တင်ဝေဖန်

*၁၄၊ဖေဖော်ဝါရီ၊ ၂၀၀၆*

အဖွဲ့ချုပ်ဒု–ဥက္ကဌ ဦးတင်ဦးအား လုံခြုံရေးအကြောင်းပြချက်ဖြင့် နေအိမ်အကျဉ်းကျ သက်တမ်းတိုးလိုက်သည့် အပေါ် လန်ဒန်အခြေစိုက် AI ခေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက မြန်မာစစ်အစိုးရကို ပြစ်တင်ဝေဖန်လိုက်ပါသည်။ နိုင်ငံတော်လုံခြုံရေးဆိုသည့် အကြောင်းပြချက်များနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ကျူးလွန်နေသည့်အတွက် စိုးရိမ်မကင်းဖြစ်မိကြောင်း၊ ယမန်နေ့ကထုတ်ပြန်သည့် နိုင်ငံတကာလွတ်ငြိမ်း ချမ်းသာအဖွဲ့ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ အလားတူ အဖွဲ့ချုပ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များဖြစ်သော ဒေါက်တာသန်းငြိမ်းနှင့် ဒေါက်တာမေဝင်းမြင့်တို့အား လုံခြုံရေးအကြောင်းပြချက် ပုဒ်မ (၁၀–က) ဖြင့် နောက်ထပ်သက်တမ်းတိုး ဖမ်းဆီးထားသည့်အပေါ် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးမှ စစ်အစိုးရအား ပြစ်တင်ဝေဖန်ထားပါသည်။

အစသို့

## အဖွဲ့ချုပ်ဝင်များအား အာဏာပိုင်များက နည်းမျိုးစုံနှင့် ဖမ်းဆီးထောင်ချ

*၁၄၊ဖေဖော်ဝါရီ၊ ၂၀၀၆*

ဒီမိုကရေစီရေးလှုပ်ရှားသူ အဖွဲ့ချုပ်ဝင်များအား အာဏာပိုင်များက နည်းမျိုးစုံနှင့် ဖမ်းဆီးထောင်ချနေသည့် အတွက်၊ မိသားစု စီးပွားပျက်ရသလို အယူခံဝင်ရန်နှင့် ထောင်ဝင်စာတွေ့ဖို့ပါ အခက်အခဲရှိနေကြကြောင်း သိရပါသည်။ ရွှေဂူမြို့နယ် အဖွဲ့ချုပ်ဝင် ဦးကိုကိုမြင့်နှင့် ဦးသိန်းဇော်တို့ (၂) ဦး၏ မိသားစုဝင်များဆိုလျှင် အိမ်ထောင်ဦးစီးများကို မကြာခဏ အပြစ်ရှာ ဖမ်းဆီးနေသည့်အတွက် စားဝတ်နေရေး အတော်ခက်ခဲနေသည်ဟု သိရပါသည်။ ထို့ကြောင့် ဥပဒေကြောင်းအရ အယူခံဝင်ရန်ကိစ္စကိုပင်လျှင် ဆန္ဒရှိပါလျက်နှင့် စွန့်လွှတ်ရမလို ဖြစ်နေကြောင်း ဦးသိန်းဇော်၏ ဇနီး ဒေါ်ဝင်းဝင်းသန်းက အောက်ပါ အတိုင်း ပြောပြပါသည်။

“အယူခံဝင်ဖို့အတွက်ကို အခက်ခဲဖြစ်နေတယ်။ ပိုက်ဆံအခက်အခဲ အရမ်းဖြစ်နေလို့ မပြောတတ်သေးဘူး။ အခုမှ စာရွက်စာတမ်းတွေ ဦးမျိုးဆွေဆီပို့မလို့ မနက်ဖြန်ဆိုရင်။ ဟိုတခါဖမ်းတုန်းကတော့ သူတို့က အခုချက်ချင်းဖမ်း၊ အခုချက်ချင်းကြီး စီရင်ချက်ချပြီးတော့ ထောင်ပို့လိုက်တဲ့အခါကြတော့ ဘာမှကုန်စရိတ်မရှိဘူးပေါ့။ အခုကျတော့ ကျမနေရထိုင်ရတာ တနေ့လုပ်မှတနေ့စားဆိုတော့၊ အခုဒီလိုမျိုး ရှေ့နေကို အသွားအပြန်စရိတ်တို့ ဘာတို့က မရှိတဲ့ကြားထဲက အရမ်းအခက်ခဲဖြစ်နေတာလေ။ ဘယ်လိုလုပ်ရမယ်ဆိုတာ ကျမ နှစ်ညရှိပြီ စဉ်းစားကြည့်နေတာ။ အစတုန်းက ကျမအမျိုးသားက တာရာဖိနပ်လုပ်တာလေ။ သူ့ပဲမှီခိုပြီးတော့ စားနေရတာ။ ကျမတို့က နွေရာသီကျ အအေးရောင်းတာပေါ့။ မုန့်ဟင်းခါးလေး ဘာလေးရောင်းတယ်။

အဲဒီလိုမျိုးရောင်းပြီးတော့ စီးပွားရေးကလဲ အပြင်ထွက်ရှာလို့ မရဘူးလေ။ ဒီအတိုင်း တနိုင်ကလေးလုပ်ပြီးတော့ စားနေတာ။ တနိုင်ပဲလုပ်စားနေတာ အခုဒီလိုမျိုး ဖြစ်သွားတော့ ခြေမဲ့လက်မဲ့ဖြစ်သွားတယ်။ သမီးကလဲ ဘွဲ့ရပေမယ့်၊ သိတဲ့အတိုင်းပဲ နိုင်ငံရေးသမားရဲ့ သားသမီးဆိုတော့ ဘာမှလုပ်မရဘူး။ ကျမစဉ်းစားတာလေ အယူခံမဝင်ဘဲနဲ့ ဒီအတိုင်း သူ့အတွက် စားဖို့ သောက်ဖို့ပဲ ရုန်းကန်လုပ်ပေးရမလား ကျမဝေခွဲလို့မရ ဖြစ်နေတယ်။”

ဦးသိန်းဇော်နှင့် ဦးကိုကိုမြင့်တို့ (၂) ဦးအား၊ ခြံဝင်းအတွင်း ဘိန်းထုတ်တွေ့မှုဖြင့် နယ်မြေခံရဲမှ ဖမ်းဆီးတရားလိုလုပ် စွဲချက်တင်ပြီးနောက်၊ ရယကများကို မှန်ကန်ကြောင်း သက်သေထွက်ခိုင်းခဲ့ပါသည်။ ထို့နောက် အခုလ (၆) ရက် နေ့တွင်၊ ထောင် (၇) နှစ်စီ အသီးသီးချမှတ်ခဲ့ပါသည်။ ထူးခြားသည်မှာ (၆) ရက်နေ့ မနက်စောစော အမိန့်မချခင်ကတည်းကပင် ထောင်ချမည့်တရားသူကြီး၏ အမိန့်ကို၊ ရဲကကြိုသိနေခြင်း ဖြစ်ကြောင်းနှင့် အဆိုပါအမှုမှာအာဏာပိုင်များဘက်က ကြိုတင်ကြံ စည်ခဲ့ခြင်းဖြစ်ကြောင်းကိုလည်း စဖမ်းသည့်ညက အဖြစ်အပျက်များနှင့် နှိုင်းယှဉ်ပြီး ဒေါ်ဝင်းဝင်းသန်းက အောက်ပါအတိုင်း ပြောပြသွားပါသည်။

“ပထမဆုံးသူတို့လာတာကတော့ (၁၀) နာရီ (၄၅)၊ (၁၁) နာရီထိုးခါနီးပေါ့။ သက်ဆိုင်ရာ ဥက္ကဌနဲ့ မြို့နယ်မှူး လည်း ပါပါတယ်။ အချိန်မတော်ကြီး ဘာလုပ်ဖို့လဲ ကျမမေးတော့၊ သူတို့က ဧည့်စာရင်းစစ်မလို့ပါတဲ့။ ကြည့်ရတာကတော့ တရားမဝင်တဲ့ စာရွက်စာတမ်းရှာမယ်ပေ့ါ။ မြို့နယ်မှူးကပြောတော့ ဧည့်စာရင်းစစ်မယ်။ အခုကြတော့ စာရွက်စာတမ်း ရှာမယ်ဆို တော့။ ဘယ်လိုလဲ အဲဒီလိုမျိုး ပြောတဲ့အခါကြတော့ ကျမတို့ကလည်း ဘာမှမလုပ်ထားဘူးဆိုတော့ ရှာ ရင်ရှာလို့ ပြောလိုက် တာပေ့ါ။ အဲဒါနဲ့ ရှာတာ။ ရှာတာကတော့ အိမ်ကို တော်တော်လေးကြာတယ်။ ဘာမှမတွေ့ဘူး။ အိမ်ခန်းထဲမှာ လိုက်ရှာတယ်။ ရှာရှာရှာ တော်တော်ကြီးကို ကြာတယ်။ ခေါင်းရင်းကနေပြန်ပတ်ရှာမယ်တဲ့။ အဲဒါနဲ့ သူတို့နှစ်ယောက်သွားတဲ့အခါကြတော့၊ အထုပ်တထုပ် တွေ့ပြီလို့ အော်လိုက်တာ။ အဲတာနဲ့ ကျမအမျိုးသားက ဘာအထုပ်လဲမသိဘူး။ လာကြည့်ပေးစမ်းဆိုကြည့်တော့ ကျမတို့က ဘယ်နေရာက တွေ့တာလဲမေးတော့ဒီနေရာက တွေ့တာတဲ့။ အဲဒါဆိုတော့ မဟုတ်တော့ဘူးလို့။ ကျမတို့ညနေပိုင်း မှန်ညှင်းခင်း ရေလောင်းတော့ ဘာမှမတွေ့ဘူး။ မရှိဘူး။ ဒါဆိုရင်တော့ ဦးသိန်းဇော် ရှင်လုပ်ကြံခံရပြီလို့ ကျမပြောလိုက်တာ။ ကျမသမီးကလဲ ပြောလိုက်တာ။ နောက်တော့ သူတို့က မူးယစ်ကို ခေါ်မယ်ဆိုတော့ ကျမတို့လဲ အရမ်းကြောက်သွားတယ်။ ဦးသိန်းဇော်ရှင်ကတော့ တကယ့်ကို လုပ်ကြံခံရပြီ ကျမတို့ ဘယ်လိုလုပ်ကြမလဲပေ့ါ။ နောက်တော့ ဦးသိန်းဇော်ကို လက်ထိပ်ခတ်ပြီး သူတို့ခေါ်သွားလိုက်ကြတယ်။”

သူတို့ (၂) ဦးအား ဇန်းမော်ထောင်သို့ပို့လိုက်သည့်အတွက် ထောင်ဝင်စာတွေ့ရန် ခက်ခဲနေသည်ဟုဆိုပါသည်။ သူတို့ (၂) ဦးစလုံးမှာ ယခင်ကည်း ဖမ်းဆီးခံခဲ့ရပြီး (၁၉၉၈) ခုနှစ်တွင် ဦးသိန်းဇော်က ထောင် (၄) နှစ်ကျခံခဲ့ရပြီး၊ (၂၀၀၀) ခုနှစ်တွင် ဦးကိုကိုမြင့်က ထောင် (၇) နှစ်စီ အသီးသီးချမှတ်ခံခဲ့ရဖူးကြောင်း ဒေါ်ဝင်းဝင်းသန်းက ပြောပြသွားပါသည်။

အစသို့

## ဘယ်လ်ဂျီယံမှာ ဒေါ်စုနှင့် မြန်မာ့အရေးထောက်ခံပွဲ ကျင်းပ

*၁၄၊ဖေဖော်ဝါရီ၊၂၀၀၆*

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တော်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့အရေး ထောက်ခံပွဲတခု၊ ယမန်နေ့က ကျင်းပခဲ့ကြောင်းသိရပါသည်။ ဥရောပတိုက်တွင် အစဉ်အလာရှိပြီး သမိုင်းဝင်တက္ကသိုလ်ကြီးအဖြစ်ထင်ရှား သော လူဗန်းလာနဖ် တက္ကသိုလ်၌၊ ဘယ်လ်ဂျီယံအခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ Action Birmanie ခေါ် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့နှင့် မြန်မာ့သဟာယအဖွဲ့တို့က ကြီးမှူးကျင်းပခဲ့ကြခြင်းဖြစ်ပါသည်။ အဆိုပါ ပွဲကျင်းပပုံအကြောင်း ကိုယ်တိုင်တက် ရောက်ခဲ့သူဦးအောင်ကိုက ယခုကဲ့သို့ ရှင်းပြပါသည်။

“မနှစ်တုန်းကတော့ ဘယ်လ်ဂျီယံတက္ကသိုလ် လူဗန်းလာနဖ်ဆိုတာက အင်မတန်နာမည်ကြီးတဲ့ တက္ကသိုလ် တခုပေ့ါ။ ဥရောပမှာ ဟိုတုန်းက ရှေးဟောင်းတက္ကသိုလ်၊ အစဉ်အလာနဲ့ သမိုင်းဝင်တဲ့တက္ကသိုလ် ဒေါ်အောင်ဆန်းစုကြည် တို့က၊ တက္ကသိုလ်က ဂေါ်စာဆိုတာ သူတို့ အဆင့်မြင့်တဲ့ ဘွဲ့ပေးထားတာရှိတယ်။ အဲဒီအပေါ်မှာ သူတို့က ကျန်ခဲ့တဲ့နှစ်တွေကလည်း ဒေါ်စုရဲ့ အသက် (၆၀) နှစ်မြောက် မွေးနေ့အတွက်လဲ သူတို့ကျင်းပတယ်။ အခုတခါကြတော့ သူတို့ကဒီမှာ ပြင်သစ် အမျိုးသမီးပေ့ါလေ။ သူတို့ ကိုလံဘီယာမှာ သမ္မတရွေးကောက်ပွဲ ဝင်ပြိုင်တဲ့အခါမှာ သူ့ကို ကိုလံဘီယာသူပုန်တွေက တောထဲမှာ ခေါ်သွားပြီးတော့ ပြန်ပေးဆွဲသွားတာပေ့ါ။ (၄) နှစ် (၅) နှစ်လောက်ရှိပြီ တောထဲမှာပဲ ဖမ်းချုပ်ထားတယ်။ မလွှတ်သေးဘူး။ အဒီအမျိုးသမီးကလည်း တက္ကသိုလ်က ဘွဲ့ပေးထားတဲ့ အမျိုးသမီးဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ အဲဒီအင်းဂရစ် သူတို့က တွဲပြီးတော့ လုပ်တဲ့ကိစ္စ။ အထူးသဖြင့်ကတော့ တကယ့်တိုင်းသူပြည်သားအတွက်၊ စသဖြင့် ကိုယ့်သက်ဆိုင်ရာနိုင်ငံကို ရှုပ်ရှုပ်ချုံချုံနဲ့ ကိုယ်ကျိုးစွန့်ပြီးတော့ ဒေါ်အောင်ဆန်းစုကြည်တို့လိုပေ့ါ၊ အဲဒါကို သူတို့က အမျိုးသမီးနှစ်ယောက်ရဲ့နေ့ ဆိုပြီးတော့ ကျင်းပတဲ့

ပွဲတော်ဖြစ်တယ်ပေါ့။”

ထိုပွဲကို နေ့လည် (၁) နာရီကစပြီး တက္ကသိုလ်ဝင်းအတွင်း ကျင်းပခဲ့ရာ အစိုးရဝန်ကြီးများနှင့် အရာရှိများလည်း တက်ရောက်ခဲ့ကြပါသည်။ ဦးအောင်ကိုနှင့် အင်းဂရစ်၏ ညီမတို့မှ သက်ဆိုင်ရာနိုင်ငံများ၏ အခြေအနေကို ရှင်းပြနေစဉ် ကျောင်းသူ ကျောင်းသားများနှင့် ပရိသတ်များက အကျဉ်းသားများအား ကိုယ်စားပြုသည့်အဖြင့် မျက်နှာဖုံးအဖြူများ စွပ်၍ တက်ရောက် ခဲ့ကြပါသည်။ ညနေပိုင်းဂီတဖျော်ဖြေပွဲအစီအစဉ်မှာ တက္ကသိုလ်ကျောင်းသူ ကျောင်းသားများသာမက ပြင်သစ်၊ ဘယ်လ်ဂျီယံတို့မှ နာမည်ကြီးအဆိုတော်များ၊ ရုပ်ရှင်မင်းသားမင်းသမီးများပါ တက်ရောက်ဖျော်ဖြေခဲ့ကြပါသည်။ ထို့အပြင် ပရိသတ် (၁၀၀၀) ခန့်က မီးရှူးမီးတိုင်များထွန်းညှိ၍ စီတန်းလှည့်လည် ဆန္ဒပြခဲ့ကြပါစည်။ ပွဲတော်နှင်စပ်လျဉ်း၍ ပြောရေးဆိုခွင့်ရှိသူတဦးဖြစ်သည့် ဂေါ်တွန်က အခုကျင်းပခဲ့သည့်ပွဲသည် ကြီးကြီးမားမား အောင်မြင်မှုများ ရရှိခဲ့ပါကြောင်း ဒီဗွီဘီကို ယခုလို ပြောပြပါသည်။

“ပြင်သစ်နာမည်ကြီးအဆိုတော် ရေနိုကတောင် ပြင်သစ်ရေနံကုမ္ပဏီဖြစ်တဲ့ တိုတယ်လ် ကုမ္ပဏီကို သပိတ်မှောက်ဖို့ တောင်းဆိုသွားပါတယ်။ ကျနော်တို့အနေနဲ့လည်း မြန်မာပြည်မှာ ရင်းနှီးမြှုပ်နှံမှုလုပ်နေတဲ့ ကုမ္ပဏီတွေကို သပိတ်မှောက်ဖို့ တောင်းဆိုခဲ့ပါတယ်။ အစိုးရကိုယ်စားလှယ်တွေ၊ ဝန်ကြီးတချို့ပါ တက်ရောက်ခဲ့တဲ့အတွက် ကျနော်တို့ရဲ့ သဘောထားတွေကို ပရိသတ်နဲ့အတူ တင်ပြနိုင်ခဲ့ပါတယ်။”

အဆိုပါပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို လွှတ်ပေးရန်၊ မြန်မာပြည်မှ တင်သွင်းသည့်ကုန်ပစ္စည်းများအား သပိတ်မှောက်ရန် တောင်းဆိုထားသည့်အပြင်၊ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် နိုင်ငံသားအဖြစ် အစိုးရက ချီးမြှင့်ပေးရန်ကိုပါ ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရပါသည်။

အစသို့

## ဒေါက်တာဝင်းအောင်အား ထောင်ထဲတွင် ပုဒ်မတိုးပြီးနောက်ထပ်ထောင်ချရန်ပြင်ဆင်

*၁၅၊ဖေဖေါ်ဝါရီ၊ ၂၀၀၆*

ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခံထားရသည့်စစ်ကိုင်းတိုင်းခင်ဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဒေါက်တာဝင်းအောင်အား၊ အာဏာပိုင်များက ထောင်ထဲတွင် နောက်ထပ်ပုဒ်မတပ်ပြီးထောင်ထပ်ချရန် ပြင်ဆင် နေကြောင်း သိရပါသည်။ ဗွီဒီယို ဥပဒေ၊ ပုံနှိပ်အက် စသည်တို့ဖြင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်ခဲ့ပြီးနောက် ၇ လအကြာတွင်၊ အရေးပေါ်စီမံချက်အက် ၅ ည ဖြင့် နောက်ထပ်ထောင်ချရန်အတွက် စစ်ဆေးပြင်ဆင်နေသည်ဟုဆိုပါသည်။ ထောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသားတစ်ဦးက ပြင်ပကိုဆူပူအောင်လှုံ့ဆော်သည်ဆို၍ ပုဒ်မထပ်တိုးရန် ကြိုးစားနေခြင်းအပေါ် မည်သို့မှ နားမလည်နိုင်ကြောင်း အဖွဲ့ချုပ်ရှေ့နေဦးဉာဏ်ဝင်းက အောက်ပါအတိုင်း ပြောပြသွားပါသည်။

“ထောင်ထဲမှာ နောက်ထပ် အရေးပေါ်စီမံချက်အက်ဥပဒေ ၅ ည တပ်ပြီး အမှုစစ်ဆေးနေတယ်လို့ ကျွန်တော်တို့ ကြားတယ်။ နောက်ထပ်တစ်မှုပေါ့။ ၂၀၀၅ ခုနှစ်က စပြီးတွက်ကြည့်ရင် အခု ၆ လ ၇ လ တောင်ရှိနေပြီ။ အဲဒါကို အခုမှ ၅ ည တပ်ပြီးထပ်စွဲတယ်ဆိုတော့၊ ထောင်ထဲမှာရောက်နေတဲ့သူက နိုင်ငံတော်ကိုဆူပူအောင်လှုံ့ဆော်တယ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်အောင်လုပ်တယ်ဆိုတဲ့သဘောမျိုးဖြစ်နေတယ်။ ကျွန်တော်တို့တော့ ဘယ်လိုမှ နားမလည်နိုင်အောင်ဖြစ်ရတယ်။ ထောင်ထဲရောက်နေသူက ဘယ်လိုလုပ်ပြီး အပြင်မှာဆူအောင်လုပ်နိုင်မှာတုံး။ ဘယ်လိုလုပ်ပြီး စစ်ဆေးနေတာလဲတော့ တိတိကျကျမသိရသေးပါဘူး။ အခု အမှုစစ်နေပြီတောင်ကြားတယ်။”

ခင်ဦးမြို့နယ် အဖွဲ့ချုပ်ဥက္ကဌ ဒေါက်တာဝင်းအောင်နှင့် ကျောင်းဆရာ ဦးခင်မောင်လွင်တို့အား ၂၀၀၅ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး၊ ဒေါ်အောင်ဆန်းစုကြည်၏ စစ်ကိုင်းတိုင်း ခရီးစဉ်မှတ်တမ်းတင်ဗွီဒီယိုအခွေ လက်ဝယ်တွေ့ရှိမှု၊ ကြေးမုံဦးသောင်းရေး ဦးနေဝင်းခြေရှုတ်သမျှ စာအုပ်ကိုဖြန့်ဝေမှု စသည်တို့ဖြင့် စွပ်ဆွဲ၍ ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့သည်။ ယခု လောလောယေ် ယင်းတို့နှစ်ဦးအား ရွှေဘိုထောင်တွင် ချုပ်နှောင်ထားပါသည်။

အစသို့

## သပိတ်ကျဉ်းစည်းအဖွဲ့ဝင် ကိုအေးသိန်းအား မည်သည့်နေရာတွင်ချုပ်နှောင်ထားကြောင်းမသိရ

*၁၅၊ဖေဖေါ်ဝါရီ၊ ၂၀၀၆*

လူခိုးမှုပုဒ်မဖြင့် ထောင်ချခံထားရသော မန္တလေးတိုင်း၊ သပိတ်ကျဉ်းမြို့နယ် အဖွဲ့ချုပ်စည်းအဖွဲ့ဝင် လူငယ်တာဝန်ခံ ကိုအေးသိန်းအား မည်သည့်နေရာတွင် ချုပ်နှောင်ထားကြောင်း မသိရသည့်အတွက်၊ မိသားစုများမှ စိုးရိမ်နေကြကြောင်း သိရပါသည်။ ကိုအေးသိန်းအားလူခိုးမှု ပုဒ်မ ၃၆၆ ဖြင့် ဖမ်းဆီး၍ ထောင် ၅ နှစ် ချပြီး မန္တလေး ထောင်တွင်ထားရာမှ ၊ ၂၀၀၆ ဇန်နဝါရီ ၂၆ ရက်နေ့တွင် ရဲဘက်စခန်းတစ်ခုသို့ ပို့လိုက်သည်ဟုသာ သိရသော်လည်း မည်သည့်စခန်းသို့ ရောက်သွား

ကြောင်းကိုကား ယခုထိမသိရသေးပါ။ အစ်ကိုဖြစ်သူ ကိုစိုးနိုင်မှာ မန္တလေးထောင်သို့ အကြိမ်ကြိမ် သွားရောက်စုံစမ်း ခဲ့သော်လည်း၊ မည်သည့်သတင်းမှမရခဲ့ကြောင်း မန္တလေးတိုင်းစည်း အဖွဲ့ဝင် ဒေါ်ဝင်းမြမြမှ အောက်ပါ အတိုင်းပြောပြသွားပါသည်။

"ကိုအေးသိန်းကို ရဲဘက်ပို့လိုက်တယ်ဆိုတာ ထောင်တွင်းသတင်းတစ်ခုအနေနဲ့သာသိရတာလေ။ ဘယ်စခန်းကိုပို့လိုက်တယ်ဆိုတာတော့ ကျမတို့မသိရဘူး။ ဘာပဲဖြစ်ဖြစ် သူကနိုင်ငံရေးသမားတစ်ယောက်လေ။ သာမန်အမှုမျိုး ကိုတောင်မှ၊ အခုလိုရဲဘက်ပို့တယ်ဆိုရင် ကာယကံရှင်ကသွားပြီစုံစမ်းတယ်ဆိုရင် ဘယ်ရဲဘက်ကိုပို့လိုက်ပါတယ်။ ဘယ်ကိုပို့တယ်ဆိုတာကို အကျဉ်းဦးစီးဌာနနေပြီးတော့ ပြေပြေလည်လည်နဲ့၊ အကျဉ်းသားမိသားစုကိုပြောပြတယ်ဆိုရင် အများကြီးကောင်းပါတယ်။ အခုတော့ မန္တလေးဗဟိုအကျဉ်းထောင်မှာ သူ့အကိုက ချိန်းတိုင်းချိန်းတိုင်း သွားပါတယ်။ လမ်းမမှာရှိတဲ့ ဂိတ်ပေါက်မှာပဲ ဝန်းထမ်းတွေကနေ ပြောလွှတ်တဲ့အနေအထားနဲ့ပဲ ပြန်လာနေရပါတယ်။ အခုတော့ ကိုအေးသိန်းအစ်ကိုဟာ သပိတ်ကျဉ်းလည်း မပြန်နိုင်ဘူး။ မန္တလေးမှာတင်နေပြီးတော့ သူ့ညီအတွက် အချိန်တိုင်း အချိန်တိုင်းသွားပါတယ်။ မန္တလေးမှာတင်နေပြီးတော့ သူ့ညီကို ဘယ်ကိုပို့တယ်ဆိုတာကို ထောင်ကချိန်းတိုင်း သွားနေရတာ ဒီကနေထိ မသိရသေးပါဘူး။"

ကိုအေးသိန်းအား မည်သည့်နေရာ၌ချုပ်ထားခြင်းကို သက်ဆိုင်ရာထောင်အာဏာပိုင်များမှ ဖုံးကွယ်ထားသည့် ကိစ္စသည်၊ အကျဉ်းသားတစ်ဦး ရသင့်ရထိုက်သည့် အခွင့်အရေးတားမြစ်ပိတ်ပင်ခံရခြင်း ဖြစ်ကြောင်း ဒေါ်ဝင်းမြမြက ဆက်လက်ပြောပါသွားပါသည်။

"ဒီလိုမျိုးဟာတော့ မဖြစ်သင့်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အပြစ်ရှိတယ်ဆိုပြီး အပြစ်ချပြီးပြီ၊ ပို့လိုက်တယ်။ ပြုလိုက်တယ်ဆိုရင် ကာယာကံရှင်မိသားစုကိုတော့ ပြောမှ။ ဒါမှလဲထောင်ဝင်စာသွားနိုင်မယ်။ ကိုအေးသိန်းရဲ့အခက်အခဲ လိုအပ်တာလေးကို ပံ့ပိုးပေးနိုင်မယ်။ အစားအသောက်ကအစ၊ အဝတ်အစားကအစ လိုလေသေးမရှိ။ ကိုအေးသိန်းရဲ့ အကျဉ်းသား တစ်ယောက်ရဲ့အခွင့်အရေးတစ်ခုပါ။ အဲဒီလိုအခွင့်အရေးတစ်ခုကိုပဲ မပေးဘဲနဲ့ ဘယ်ပို့တယ်ဆိုတာကို မပြောဘဲထားခြင်းကတော့၊ ဒါက အထက်ဏာပိုင်များအနေနဲ့ အမြန်ဆုံးကိုအေးသိန်းကို ဘယ်ကိုပို့တယ်ဆိုတာကို သူ့အစ်ကို အကျဉ်းထောင်ကို သွားတဲ့အခါမှာ အမြန်ဆုံး အကျဉ်းဦးစီး ဌာနကနေ သတင်းပေးအောင်လို့ စီစဉ်ဆောင်ရွက် ပေးဖို့ ကျမအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။"

အစသို့

## ဒေါက်တာဇော်မြင့်မောင်ထောင်ထဲ၌ ကျန်းမာရေးအခြေအနေဆိုးရွား

*၁၇၊ဖေဖော်ဝါရီ၊၂၀၀၆*

မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ချခံထားရသည့်မန္တလေးတိုင်း၊ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်မောင်၏ကျန်းမာရေးအခြေအနေ သိပ်မကောင်းကြောင်းသိရပါသည်။ အစာမကြေရင်ခံ နေသလိုဖြစ်ပြီး၊ အစားအစာကောင်းမွန်စွာ မစားနိုင်သဖြင့်မိသားစုဝင်များအနေဖြင့် စိုးရိမ်ပူပန်နေကြကြောင်းသိရပါသည်။ အဆိုပါသတင်းနှင့် စပ်လျဉ်း၍ ပြီးခဲ့သည့် အပတ်ကမှထောင်ဝင်စာသွားတွေ့ခဲ့သည့် ဇနီးဖြစ်သူ ဒေါက်တာယုယုမေထံဆက်သွယ် မေးမြန်းကြည့်ရာ – –

"နေမကောင်းတာတော့ အမှန်ပါဘဲ။ သူကထောင်ထဲမှာ (၁၅ – ၁၆ ) နှစ်ရှိနေပြီ။ အသက်ကလည်း ( ၅၀ ) ကျော်လာပြီ ဆိုတော့ ကျမတို့မသိနိုင်တဲ့ ရောဂါတစ်ခုခု ဘွားကနဲပေါ်လာနိုင်တာပေါ့။ အဲဒါကိုစိုးရိမ်တာပါ။ ဒါကြောင့်မို့ ကျမတို့က အထဲမှာ ဘာရောဂါများ ရှိနေမလားဆိုပြီး invalidtation ပေါ့နော်။ အာလ်ထရာဆောင်းရိုက်တာမျိုး ။ မှန်ပြောင်းသွင်းတာမျိုးတို့ပေါ့နော်။ အဲဒါမျိုး စမ်းသပ်ခံစေချင်တာပေါ့။"

ပူတာအိုထောင်တွင် မသေသင့်ဘဲသေဆုံးခဲ့ရသည့် နိုင်ငံရေးအကျဉ်းသား ကိုခင်မောင်လွင်ကဲ့သို့ အဖြစ်မျိုးနှင့် ကြုံတွေ့ရမည်ကို အလွန်စိုးရိမ်မိကြောင်းဆက်လက်၍ပြောပြသွားပါသည်။

"ကျမကအဲဒါမျိုးဖြစ်မှာကြောက်လို့။ ရောဂါကတော့ ဘယ်လောက်ကြီးတယ် မကြီးဘူး မသိရဘူး။ လက္ခဏာဘဲ ပြနေတာ။ အစာမစားချင်တဲ့လက္ခဏာ။ ရင်ပြည့်ရင်ကယ်ဖြစ်ချင်တဲ့လက္ခဏာ။ ကျမတို့အဲဒါကိုကြောက်တာ။ အဲဒါဘာလဲ ဆိုတော့ အစာအိမ်ကင်ဆာတို့၊ အူလမ်းကြောင်းကင်ဆာတို့၊ ဖြစ်နိုင်တဲ့ အခါကျတော့ ။ သူကတခြားဘာလက္ခဏာမှ မပြဘူး။ ဝမ်းလျှောတာတို့ဝမ်းချုပ်တာတို့ ဒီလောက်ပဲပြတယ်။ ဖြုန်းစားကြီးဖြစ်သွားမှာစိုးလို့ အဲဒီစမ်းသပ်မှုတွေ လုပ်ပေးစေချင်တာပေါ့။ အတွင်းမှာ ဘာဖြစ်နေတယ်ဆိုတာ တိကျတဲ့ စမ်းသပ်မှုနဲ့မှ သိနိုင်မယ်လေ။ ဒါကြောင့် တိကျတဲ့ စမ်းသပ်မှုလုပ်ပေးစေချင်တယ်။"

ဇနီးဖြစ်သူ ဒေါက်တာ ယုယုမေ၏ ပြောဆိုချက်များဖြစ်ပါသည်။

အစသို့

## စပ်ဝ်ဦးကြာအယူခံ ဗဟိုတရားရုံးမှပယ်ချ

*၁၈ဖေဖေါ်ဝါရီ ၂၀၀၆*

ရှမ်းအဖွဲ့ချုပ်ဥက္ကဌခွန်ထွန်းဦးနှင့်တွဲ၍ ဖမ်းဆီးခံရပြီး ထောင် (၁၃ )နှစ်ချခံထားရသည့် စပ်ဦးကြာ၏အယူခံကို ဗဟိုတရားရုံးမှပယ်ချလိုက်ကြောင်းသိရပါသည်။ ယခုလ (၁၀) ရက်နေ့တွင် မန္တလေး ဗဟိုတရားရုံးက ယင်းသို့ပယ်ချ လိုက်ခြင်းဖြစ်ပြီး၊ စပ်ဝ်ဦးကြာအား ကျောက်မဲရဲစခန်းတွင် ထားဆဲဖြစ်ကြောင်း သိရပါသည်။ အသက် (၆၅) နှစ်အရွယ်ရှိ စပ်ဝ်ဦးကြာအား လွန်ခဲ့သည့်နှစ် ဩဂုတ်လ (၃၀) ရက်နေ့တွင်ဖမ်းဆီးခဲ့ပြီးနောက် နိုင်ငံတော်အား အကြည်ညိုပျက်စေ ရန်လှုံ့ဆော်လုပ်ဆောင်မှု၊ လိုင်စင်မရှိဘဲ နိုင်ငံခြားငွေ့သည်များနှင့် လက်ခံမှုများဖြင့် ကျောက်မဲခရိုင် တရားရုံးမှထောင် (၁၃)နှစ်ချခဲ့ခြင်းဖြစ်သည်။

အမှုကို ပြီးခဲ့သည့်နှစ်ကုန်ပိုင်းက လားရှိုးပြည်နယ်ရုံးခွဲထံသို့ အယူခံဝင်ခဲ့သော်လည်း ပယ်ချခံခဲ့ရပြီး ယခုဗဟိုတရားရုံးကပါ ပယ်ချလိုက်ခြင်းဖြစ်ပါသည်။ ထို့အပြင် စပ်ဦးကြာအား၊ လိုင်စင်မရှိဘဲ စာအုပ်ငှားရမ်းမှုစာကြည့်တိုက်ပုဒ်မ နှင့် ထပ်မံစွဲချက်တင်ဖို့ ပြင်ဆင်နေကြောင်း အဆိုပါသတင်းရပ်ကွက်မှ ဆိုပါသည်။ ထို့ကြောင့် စပ်ဦးကြာ၏ရှေ့နေ စိုင်းဝင်းမြင့်က ဗဟိုတရားရုံးထံ အထူးအယူခံထပ်တင်နိုင်ရန် ပြင်ဆင်နေကြောင်းသိရပါသည်။

ထိုအတောအတွင်း ရန်ကုန်မှရရှိသည့်သတင်းများအရ ထောင်ဒဏ် (၇၅) နှစ်မှ (၁၀၆) နှစ် အထိအသီးသီး ကျခံနေရသည့် ရှမ်းအဖွဲ့ချုပ်ဥက္ကဌ ဦးခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင် (၈) ဦးတို့၏ အယူခံများကိုလည်းရှေ့အပတ် အင်္ဂါနေ့တွင် တင်သွင်းနိုင်ရန် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်နေကြောင်း ဦးအောင်သိန်းကပြောပြသွားပါသည်။

အစသို့

## ILO ထံ သတင်းပေးမှုဖြင့် တရားစွဲခံရသည့် အောင်လံအဖွဲ့ချုပ်ဝင်များ ရုံးချိန်း ပြောင်းရွှေ့ခံရ

*၂၀ဖေဖော်ဝါရီ ၂၀၀၆*

**ILO** ထံ သတင်းပေးမှုနှင့် နအဖမှ တရားစွဲဆိုထားသော၊ အောင်လံအဖွဲ့ချုပ်ဝင်များအား အောင်လံမြို့နယ်တရားရုံးက ယနေ့ရုံးချိန်းတွင် မည်သည့်အမှုစစ်ဆေးခြင်းမှမရှိဘဲ၊ နောက်လ (၆) ရက်နေ့သို့ ရုံးချိန်းပြောင်းရွှေ့လိုက်သည်ဟုသိရပါသည်။ နအဖ၏ အဓမ္မလုပ်အားပေးခိုင်းစေမှုကြောင့် ပျင်းရွာသားကိုဝင်းလွင် သေဆုံးခဲ့ရခြင်းကို၊ **ILO** ထံ တိုင်ကြားရာ၌ ကူညီဆောင်ရွက်ပေးခဲ့သူများအား၊ နအဖဖက်မှ ပြန်ပြီးတရားစွဲအမှုဖွင့်ခဲ့ခြင်း ဖြစ်ပါသည်။ အမှုဖြစ်စဉ်နှင့် အမှုနောက်ဆုံးအခြေအနေကို ဒီဗွီဘီသတင်းထောက် ကိုမောင်တူးက ယခုလို သတင်းပေးပို့ထားပါသည်။ အောင်လံမြို့နယ် ပျင်းရွာသားကိုဝင်းလွင်အား အလုပ်ကြမ်းခိုင်းစေခဲ့ရာမှ၊ မြေပြိုကျခဲ့ပြီး (၂၀၀၃) ခုနှစ် ဒီဇင်ဘာလမှာ သေဆုံးသွားခဲ့သဖြင့် ပြဿနာဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကိုဝင်းလွင်၏ မိဘများက သေဆုံးမှုကို **ILO** ထံ တိုင်ကြားခဲ့သော်လည်း၊ နအဖအာဏာပိုင်များက ဖိအားပေးပြီး အမှုကိုဖျောက်ဖျက်ထားခဲ့ပါသည်။ ယမန်နှစ် အောက်တိုဘာ (၂၀) ရက်တွင် တိုင်ကြားရာ၌ ကူညီပေးခဲ့သူ၊ အောင်လံမြို့ အဖွဲ့ချုပ်ဝင် (၃) ဦးကို နအဖမှ ပြန်ပြီး တရားစွဲဆိုခြင်းဖြစ်သည်။ နောက်ဆုံးအခြေအနေကို တရားစွဲခံထားရသူ အောင်လံမြို့က ကူညီပေးနေသူတဦးက ယခုလို ပြောပြပါသည်။

"ဒီနေ့ကတော့ သူတို့ (၆) ရက်နေ့ကို ပြန်ချိန်းလိုက်တယ်ပေါ့။ မမှန်သတင်းပေးတာမဟုတ်ဘူး။ ဒီအဖြစ် အပျက်ကြီးက တကယ်ဖြစ်ပျက်သွားတာ။ အောင်လံ ပျင်းကျေးရွာမှာ တကယ်ဖြစ်ပျက်သွားတာ။ ကာယကံရှင်ကိုယ်တိုင် တိုင်တာ။ ကျနော်က နောက်က ကူညီတာပဲရှိတာ။ တိုင်းပြည်မှာ အမှန်အကန်ကို ဖော်ထုတ်မယ့်လူတွေကို နောက်မလုပ်ရဲ အောင် အရေးယူပြတဲ့သဘောမျိုးပါ။ ဒီအဓမ္မ ကြီးစိုးနေတဲ့ခေတ်ကြီးမှာ ကျနော်တို့ သိပ်တော့ထူးထူးခြားခြား မခံစား ရပါဘူး။ ပြည်သူတွေ ခံစားနေရတဲ့ ဖြစ်ပျက်နေရတဲ့ဟာတွေကိုတော့ သိအောင်လုပ်ရမှာတော့ ကျနော်တို့ တာဝန်ကိုး။ မတရားမှုကြီးကတော့ ပေါ်လွင်နေပါတယ်။"

အဆိုပါအမှုကို နအဖဖက်မှ မှန်မှန်ကန်ကန် မစစ်ဆေးဘဲရက်ချိန်းများသာ ပေးနေခဲ့ခြင်းဖြစ်ကြောင်း ကူညီပေးနေသူ နောက်တဦးကလည်း – –

"သက်ဆိုင်ရာတရားလို ခရိုင်ရဲမှူး ဦးစိန်ဝင်းကနေပြီးတော့ ဒီလိုပဲ ဆွဲနေတာပေါ့နော်၊ တချိန်မှာ ရက် (၂၀) ခွာချိန်းတယ်။ တလ တလ (၃) ကြိမ် ချိန်းတယ်။ အခုတပတ် ခရိုင်ရဲမှူး ဦးစိန်ဝင်းလာပါတယ်။ ပြီးခဲ့တဲ့ ရုံးချိန်းတုန်းက ရုံးချိန်း (၃) ကြိမ် မလာဘူး။ (၃) ကြိမ် မလာတာဟာ ဥပဒေအရ ခွင့်ပြုထားတာထက်ကျော်လွန်နေတယ်ဆိုပြီးတော့ စွပ်စွဲခံရတဲ့ ဦးသိန်းဇံက၊ တရားရုံးမှာပယ်ဖျက်ဖို့လျှောက်ထားတယ်။ အကျဉ်းနည်းနဲ့ပယ်လိုက်တယ်။ ဒီအစိုးရလက်ရှိလုပ်ကိုင်နေတာအနေနဲ့ အဓမ္မလုပ်အားပေးခံရပြီးတော့ သေဆုံးသွားတဲ့သူကို နစ်နာကြေးပေးဖို့၊ ဥပဒေအရ အာဏာပိုင်အဖွဲ့အစည်းကို အရေးယူပေးဖို့၊ မိသားစုကို လိုက်ပါဆောင်ရွက်တဲ့သူတွေကို အရေးမယူပါဘူးဆိုတဲ့ ညှိနှိုင်းမှုတွေနဲ့တော့၊ ကွဲလွဲနေတယ်ဆိုတာပဲ ပြောရတော့

မှာပေါ့ဗျာ။”

တချိန်ထဲမှာ နအဖစစ်အစိုးရသည် လုပ်အားပေးခိုင်းစေမှုများကို အောင်လံမြို့နယ်အပါအဝင် မြန်မာပြည်တဝှမ်းလုံး၌ ဆက်တိုက်ပြုလုပ်နေဆဲဖြစ်ကြောင်းစုံစမ်းသိရှိရပါသည်။

အစသို့

## လိုင်သာယာအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌနှင့်သား အမှုအယူခံ ရှေ့နေလိုက်ခွင့်မရသေး

*၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

အင်းစိန်ထောင်၌ ထောင်ချခံထားရသည့် လိုင်သာယာမြို့နယ်အဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးလှအေးနှင့် သားဖြစ်သူ ကိုသန့်ဇင်မိုးတို့၏ အမှုအယူခံနှင့်ပတ်သက်၍ ယခုထိ ရှေ့နေလိုက်ပါဆောင်ရွက်ခွင့်မရသေးကြောင်းသိရပါသည်။ ဦးလှအေးတို့သားအဖအား၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းရိုက်နှက်ခဲ့ခြင်းဖြစ်ပါသည်။ မတရားရိုက်နှက်ခဲ့ သူများကို အပြစ်မပေးဘဲ၊ `အဖွဲ့ချုပ်ဝင် ဦးလှအေးတို့သားအဖကိုသာ ထောင် (၂) နှစ်စီ ချမှတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကဲ့သို့ မတရားထောင်ချခံရသည့်အတွက် အယူခံတင်ရန် မိသားစုဝင်များမှ ကြိုးစားနေကြသော်လည်း၊ တာဝန်ကျစာရေးတဦးဦး၏ တာဝန်ပေါ့ဆမှုလား၊ သို့မဟုတ် အထက်အဆင့်ထောင်အာဏာပိုင်များ၏ အမိန့်ကြောင့်လားမသိရသေးကြောင်း ဆိုပါသည်။ ယခုထိ ရှေ့နေကိုယ်စားလှယ်လွှဲစာ ထုတ်မပေးသေးကြောင်း၊ မိသားစုဝင်တဦးက အောက်ပါအတိုင်း ပြောပြပါသည်။

“ကျနော် ထောင်ဝင်စာသွားတွေ့တိုင်းပေါ့လေ ရှေ့နေပါဝါ လက်မှတ်ထိုးခွင့်ရပြီလားပေါ့ ။ အဲဒီသက်ဆိုင်ရာ စာရေးကိုသက်ခိုင်ကိုကျနော်သွားတိုင်း မေးတယ်။ ထောင်ဝင်စာကျနော့်အဖေနဲ့ညီကို သွားတွေ့တိုင်းမေးတဲ့အခါကျတော့ သူက၊ ထိုးခွင့်လက်မှတ် ကျပြီလိုလိုဘာလိုလိုပြောတယ်။ ပြောပြီးတော့ မနက်ဖြန်ကျတော့ ကျိန်းသေအောင် ရှာထားမယ်တဲ့။ အခုတော့ မကျိန်းသေသေးလို့ မနက်ဖြန်ကျမှ ခင်ဗျားထပ်လာလိုက်တဲ့။ မနက်ဖြန်ကျရင် ကျနော်လက်မှတ်ထိုးပြီးတော့ ခင်ဗျားအတွက် အဆင်သင့်လုပ်ထားမယ်တဲ့။ ကျနော့်ကို ထပ်ချိန်းလိုက်တယ်။ (၁၈) ရက်က ထပ်သွားတာပေါ့။ ထပ်သွားလဲသွားရော ထိုးခွင့်မရသေးဘူး။ ရှိလည်းမရှိဘူး။ အဲဒီစာရွက်က။ ခင်ဗျား ဒါဆိုရင် ဘယ်ကိုတင်ထားတာလဲ အခုထက်ထိ မကျသေးဘူးဆိုတော့။ သူက ပြည်ထဲရေးဝန်ကြီးဌာနကို တင်ထားတယ်ပြောတယ်။ ကျနော့်အဖေနဲ့ ကျနော့်ညီက တော်တော်နစ်နာနေပြီပေါ့။ အယူခံရက် (၆၀) ကျော်ပြီးတော့ (၅) လကျော် (၆) လထဲ ဖြစ်နေပြီလို့။ အရမ်းပဲ နစ်နာနေပြီလို့။ ပြည်ထဲရေးကို စာတင်မယ်လို့။ ကျနော်က အဲလို ပြောလိုက်တယ်။ ကျနော်ထပ်ပြီးတော့ ကျိန်းသေအောင်လို့ ရုံးခန်းထဲကို သွားကြည့်လိုက်ဦးမယ်တဲ့ နောက်တခေါက် ထပ်ဝင်သွားပြန်ရောဗျ။ ထပ်ဝင်သွားပြီးတော့ နာရီဝက်လောက်ကြာတော့ သူပြန်ထွက်လာတယ်။ ပြန်ထွက်လာပြီးသူက ဘာပြောလဲဆိုတော့ ခုနတုန်းက ကျနော်ပြောတဲ့ ပြည်ထဲရေးကိုတင်တယ်ဆိုတာ မဟုတ်ဘူးတဲ့။ ရုံးချုပ်ကိုတင်တာတဲ့။ ဒါဆို ရုံးချုပ်ဆို ဘယ်ရုံးချုပ်လဲလို့ ကျနော်မေးတဲ့အခါကျတော့ သူက ရှင်းရှင်းလင်းလင်း မပြောဘူးဗျ။ ကျနော့်ရှေ့နေဆီကပေါ့လေ ပါဝါနှစ်စုံ ထပ်ပြီးယူလာခဲ့ပါပေါ့။ အဲဒါပဲ တောင်းတယ်။ နောက်နေ့ပေါ့လေ ယူလာပြီးပေးပါလို့ ကျနော့်ကို ပြောတယ်။ ဒါဆိုရင် ကျနော်တို့ (၂၉) ရက် (၉) လ (၂၀၀၅) ရက်က တင်ထားတဲ့ ရှေ့နေပါဝါတွေက ဘယ်ရောက်ကုန်လဲဆိုတော့ သူကလဲ သေချာမပြောဘူး။ အရင်ရက်တွေရက်တွေ သွားတွေ့တဲ့နေ့တိုင်းမှာ သူက ဘာပြောလဲဆိုတော့ အထက်ကိုတင်ထားတယ်။ ဝန်ကြီးဌာနအဆင့်ဆင့်ကို တင်ထားတယ်။ မကျသေးလို့ မကျသေးလို့ သူက အဲလိုပြောတယ်။ အခုအခါကျမှ သူက ဘယ်မှလဲ မတင်ဘဲနဲ့ သူ့ဆီမှာ ရှိသလိုလို ဘာလိုလို ပုံစံမျိုးပေါ့လေ။ အဲလိုဖြစ်ပြီးတော့ ကျနော့်အဖေနဲ့ ကျနော့်ညီက အမှန်ကို နစ်နာနေရတယ်။”

ယင်းသတင်းနှင့်ပတ်သက်၍ အင်းစိန်ထောင် တာဝန်ခံရုံးထံ ဆက်သွယ်မေးကြည့်ရာတွင် တာဝန်ကျထောင်မှူးတဦးက တစုံတရာ ဖြေဆိုရန် ငြင်းဆိုသွားပါသည်။

အစသို့

## ဦးအောင်ဖေအမှုပြင်ဆင်ချက်ကို တရားရုံးချုပ်က ပယ်ချ

*၂၀၊ဖေဖော်ဝါရီ၊၂၀၀၆*

အမျိုးသားခေါင်းဆောင်ကြီးနှင့် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံအားအလေးပြုမှု ဗိုလ်ချုပ်အကြောင်း ဟောပြောမှုတို့ဖြင့် ထောင်ချခံထားရသည့် တွံတေးမြို့မှ ကျူရှင်ဆရာဦးအောင်ဖေအမှု ပြင်ဆင်ချက်ကို တရားရုံးချုပ်မှ၊ ယနေ့ ပယ်ချလိုက်ကြောင်းသိရပါသည်။ ယမန်နှစ် ဖေဖော်ဝါရီ (၁၃) ရက်၊ ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့တွင် ဗိုလ်အောင်ဆန်းလို သူရဲကောင်းတွေမွေးရမယ်ဆိုသည့် သီချင်းဆိုမှု ၊ တပည့်များအား ဗိုလ်ချုပ်၏ကိုယ်ကျိုး စွန့်မှုအကြောင်း ဟောပြောပို့ချမှုတို့ဖြင့်

ဦးအောင်ဖေအား ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ယမန်နှစ် ဩဂုတ်လထဲတွင် အလုပ်ကြမ်းနှင့် ထောင် (၃) နှစ် ချမှတ်ခဲ့ပါသည်။ ဦးအောင်ဖေ၏ အယူခံလွှာကို ခရိုင်တရားရုံးက ပယ်ချခဲ့သည့်အတွက် ယနေ့မနက်မှာ တရားရုံးချုပ်ထံ ပြင်ဆင်ချက် ဆက်လက်တင်ခဲ့ခြင်းဖြစ်ကြောင်း ရှေ့နေဦးမြင့်သောင်းက ပြောပါသည်။ မနက်ပိုင်းက တင်ခဲ့သည့် ပြင်ဆင်ချက်ကို (၂) ဖက်စစ်ဆေးကြားနာခြင်းမရှိဘဲ ညနေပိုင်းမှာပယ်ချလိုက်ခြင်းဖြစ်ကြောင်း ဦးမြင့်သောင်းက ယခုလိုပြောပါသည်။

"ဒီအမှု လက်ခံဖို့လျှောက်လဲခိုင်းတယ်။ တချက်ချင်းလျှောက်လဲတယ်ပေါ့။ လျှောက်လဲတော့ သူတို့က နှစ်ဖက်လျှောက်လဲချက် ကြားနာဖို့အဆင့်ကိုမရောက်ခင်မှာ၊ သူတို့က အဲဒီအဆင့်ကိုလည်း မပေးတော့ဘူး။ တခါတည်း အမှုကို ပယ်လိုက်တယ်ဆိုပြီးတော့ အမိန့်ချတာ။"

ဒီဗွီဘီ ။ ။ အခုလို (၂) ဖက်စစ်ဆေးတာမလုပ်ဘဲ ပယ်ချလိုက်တာဟာ ဥပဒေကြောင်းနဲ့ရော ညီညွတ်မှုရှိရဲ့လား။

"ဥပဒေမှာ အကျဉ်းနည်းဆိုတာတော့ ပယ်လို့တော့ရတယ်။ ဒါပေမယ့် ဘာအမှုပဲဖြစ်ဖြစ် သေသေချာချာတော့ လက်ခံပြီးတော့ နှစ်ဖက်လျှောက်လဲချက် ပေးသင့်တာပေါ့။ အခုက လက်ခံဖို့အပိုင်းကိုတောင် မပေးတော့ဘဲနဲ့ တခါတည်း ပယ်ချတာပေါ့။"

ဒီဗွီဘီ ။ ။ ဦးမြင့်သောင်းတို့ လိုက်ပါဆောင်ရွက်ပေးတဲ့ နိုင်ငံရေးအမှုတွေထဲမှာပေါ့လေ ကိုယ်တင်လိုက်တဲ့ ပြင်ဆင်ချက်တို့ အယူခံတို့ကို တရားရုံးတော်က လက်ခံစစ်ဆေးတာမျိုး ရှိခဲ့ဘူးလား။

"လက်ခံပြီးတော့ နောက်တော့ပယ်တာပါပဲ။ ပြန်ပြီးတော့ လက်ခံဖို့အပိုင်းကတော့ တော်တော်လေး ဝေးတာပေါ့။"

ဒီဗွီဘီ ။ ။ အဲဒီလို လက်မခံမှန်းသိရက်နဲ့ အယူခံတွေ ပြင်ဆင်ချက်တွေ ဘာလို့ တင်နေတာလဲလို့ မေးခဲ့သူရှိမယ်ဆိုရင် သူတို့ကို ဦးမြင့်သောင်း ဘယ်လိုရှင်းပြချင်ပါသလဲ။

"ကျနော်တို့က ဘာလို့တင်လဲဆိုရင် ဥပဒေပါအခွင့်အရေးကို ဘယ်လောက်ထိ ရသလဲဆိုတာကို အဆုံးစွန် ဆောင်ရွက်တဲ့သဘောပေါ့လေ။" ပြင်ဆင်ချက်ကို နောက်ဆုံးအဆင့်တရားရုံးချုပ်စုံညီအထိ ဆက်လက် တင်ပြသွားမည်ဖြစ်ကြောင်း ဦးမြင့်သောင်းက ပြောပြသွားပါသည်။

အစသို့

## ကိုညွန့်အောင်ကို ထောင်ပြောင်းရုံမက ထောင်သက်တမ်းပါထပ်တိုး

*၂၀ဖေဖော်ဝါရီ၂၀၀၆*

ကျူရှင်ပြမှုဖြင့် ဖမ်းဆီးထောင်ချခံနေရသည့် မုံရွာအဖွဲ့ချုပ်လူငယ်ကိုညွန့်အောင်ကို ပခုက္ကူထောင်သို့ ပြောင်းရွှေ့လိုက်ပြီး၊ ထောင်သက်တမ်းပါ ထပ်တိုးလိုက်ကြောင်းသိရပါသည်။ ကိုညွန့်အောင်သည် ကလေးထောင်တွင် ဖြစ်ပွားခဲ့သည့်၊ ထောင်ဆူပူမှုအတွင်း အရိုက်ခံရပြီးနောက်ပိုင်း၊ အခုလို ပခုက္ကူထောင်သို့ ပြောင်းရွှေ့ခံရခြင်းဖြစ်ပါသည်။ ထောင်ပြောင်းရုံမက နောက်ထပ်ထောင် (၆) နှစ်နှင့် (၉) လ တိုးလိုက်သည်ဟုသိရပါသည်။ ထိုအကြောင်းနှင့်ပတ်သက်ပြီး မုံရွာမြို့နယ်အဖွဲ့ချုပ်စည်းအဖွဲ့ဝင် ဒေါ်ခင်သန်းက ယခုလို ပြောပြပါသည်။

"(၈) ရက် (၂) က ကလေးထောင်ကို ထောင်ဝင်စာသွားတွေ့တာ။ သွားတွေ့တော့ လက်ကျိုးသွားတယ်။ ညာလက်ကျိုးသွားတယ်လို့ ဝန်ထမ်းတွေကပြောတာပေါ့။ ရွှေဘိုပို့လိုက်တယ်။ ရွှေဘိုကနေ ပခုက္ကူပို့မယ်လို့ပြောလိုက်တယ်တဲ့။ ပြန်လာခဲ့တယ်ပေါ့။ (၁၄) ရက် (၂) က ပခုက္ကူထောင်ကို သွားတွေ့တယ်။ မတွေ့ခဲ့ရဘူး နေကောင်းတယ်လို့တော့ ပြောတယ်တဲ့။ အများက ဆရာလို့ခေါ်တဲ့ ထောင်မှူးပေါ့။ သူနဲ့တွေ့ခဲ့တယ်တဲ့။ ထောင်ဝင်စာလည်းမတွေ့ခဲ့ရဘူး၊ နောက်ပေးလည်းမပေးခဲ့ရဘူး။ (၁၁) နှစ်ပြစ်ဒဏ်ဖြစ်သွားပြီပေါ့လေ။ နောက်ထပ်တိုးတယ်ဆိုတာ (၆) နှစ်နဲ့ (၉)လ တိုးတယ်ဆိုတာပြောလိုက်တယ်။ ထောင်ဝင်စာလာတွေ့ဖို့ကတော့ အထက်ကအမိန့်ကျမှ၊ တွေ့ရမယ်လို့ ပြောလိုက်တယ်တဲ့။ တွေ့ခွင့်လဲ မရှိဘူး၊ ပေးခွင့်လဲမရှိဘူးဆိုဘူး လိပ်စာပေးပြီးပြန်လာခဲ့ရတယ်တဲ့။ ကျန်းမာရေး ကောင်းတယ်လို့တော့ သူတို့ကပြောလိုက်တယ်။"

ကိုညွန့်အောင်အပေါ် ထောင်ဒဏ်တိုးမြှင့်လိုက်တဲ့ကိစ္စသည်၊ မတရားသည့်လုပ်ရပ်ဖြစ်ကြောင်း ဒေါ်ခင်သန်းက ဆက်လက်ပြောပြပါသည်။

"ဒီကိစ္စကတော့ မတရားခံရတာပဲ။ အဲဒါတော့ သေချာနေတာလေ။ ဆူပူတဲ့အထဲမပါဘူးဆိုတာလည်း ကလေးထောင်ဝန်ထမ်းကပြောလိုက်တာလေ။ မတွေ့ခဲ့ရတော့ တိတိကျကျတော့ ဘာမှ မပြောနိုင်ဘူးပေါ့လေ။ သို့သော် ကလေးက ဝန်ထမ်း ပြောစကားရဆိုရင်တော့ ဆူပူမှုထဲမပါဘူး။ စိုးရိမ်ရမယ်ဆိုလည်း စိုးရိမ်စရာပဲ။ အခုက ဆူတဲ့ထဲလဲမပါဘဲနဲ့ သိမ်းကြုံးပြီးတော့ချလိုက်တာကိုး။"

ကိုညွန့်အောင်သည် ဒေါ်အောင်ဆန်းစုကြည်၏ (၂၀၀၃) ခုနှစ် မုံရွာခရီးစဉ်တွင်၊ တက်ကြွစွာ ကူညီဆောင်ရွက်ပေးခဲ့သူတဦး ဖြစ်ပါသည်။ သူ့ကို (၂၀၀၄) ခုနှစ်မှာ အာဏာပိုင်များက တရားမဝင်ကျူရှင်ပြမှုဖြင့် အမှုဆင်ဖမ်းဆီးပြီး ထောင် (၃) နှစ် ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ချောင်းဦးမြို့နယ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်ဆွေနှင့်အတူ

မုံရွာထောင်မှ ကလေးထောင်သို့ အပို့ခံခဲ့ရပါသည်။ ထို့နောက် ဇန်နဝါရီလ (၂၄) ရက်နေ့၌ ဖြစ်ခဲ့သည့် ကလေးထောင် ဆူပူမှုအတွင်း၊ ပါဝင်ပတ်သက်ခြင်းမရှိဘဲ ထောင်အာဏာပိုင်များ၏၊ ရိုက်နှက်ခံရပြီး ပခုက္ကူထောင်သို့ ထပ်မံပြောင်းရွှေ့ခံရ သည့်အပြင် ထောင်ဒဏ်ပါ၊ တိုးမြှင့်ချမှတ်ခံရခြင်းဖြစ်ကြောင်း သိရပါသည်။

အစသို့

## ဦးခွန်ထွန်းဦးတို့အမှုတွဲအတွက် ပထမဆုံးအယူခံ တင်သွင်းလိုက်ပြီ

*၂၁ဖေဖော်ဝါရီ၂၀၀၆*

ထောင်နှစ်ရှည်အသီးသီးချမှတ်ခံထားကြရသည့် ရှမ်းအဖွဲ့ချုပ်ခေါင်းဆောင် ဦးခွန်ထွန်းဦးအပါအဝင်၊ ရှမ်းခေါင်းဆောင် (၈) ဦး၏ အမှုတွဲအတွက်၊ ပထမဆုံးအယူခံကို ယနေ့ တိုင်းတရားရုံးချုပ်ထံ တင်သွင်းလိုက်ကြောင်း သိရပါသည်။ ယနေ့တင်သွင်း လိုက်သော ပထမအယူခံမှာ ယင်းတို့ (၈) ဦးစလုံးနှင့် အကျုံးဝင်သည့် နိုင်ငံတော်အကြည်ညိုပျက်စေသည့် ပုဒ်မ (၁၂၄–က) ဖြင့်စွဲထားသည့်အမှုကို၊ (၄) သုတ်ခွဲပြီး တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။ ရှမ်းခေါင်းဆောင်များ၏ အယူခံကိစ္စနှင့် ပတ်သက်၍ အဆိုပါအမှုတွဲအတွက် အဓိကဆောင်ရွက် နေသူဖြစ်သည့်အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်းထံ ဆက်သွယ် မေးမြန်းကြည့်သည့်အခါ – –

"ဦးဆေထင်အတွက်ကတစ်မှုပေါ့။ ဦးခွန်ထွန်းဦးတမှု၊ ဦးစိုင်းညွန့်လွင်က တမှု ဦးမြင့်သန်းပါ (၅) ဦးမှာ (၅) ဦးနဲ့ အတွဲလိုက်က တမှုပေါ့။ နိုင်ငံတော်အကြည်ညို ပျက်စေတယ်ဆိုတဲ့ ပုဒ်မတွေနဲ့ ပတ်သက်တဲ့ဟာကိုတက်တာပါ။ အုပ်စု (၄) စုခွဲပြီး တက်လိုက်တယ်။ (၈) ဦးစလုံးကို စွဲထားတဲ့အပေါ်မှာ မတူညီတဲ့အချက်လက်တွေ၊ မတူညီတဲ့ အကြောင်းခံတွေ ရှိတယ် ပေ့ါနော်။ အဲဒီအခြေအနေမှာ တူတဲ့ဟာကို ပေါင်းပြီးတော့ အုပ်စုတွေနဲ့တက်သလို သီးခြားဆီတက်သင့်ဟာကို သီးခြားဆီ တဦးချင်းစီခွဲတက်တာလဲ ရှိပါတယ်။ ဒီသဘောပါပဲ။"

ဒီဗွီဘီ ။ ။ ဘယ်လို အကြောင်းပြချက်တွေနဲ့ အယူခံတင်ခဲ့တာပါလဲ။

"ဒီဟာကတော့ အယူခံအကြောင်းပြချက်အနေနဲ့ အချက်အလက်တွေတော့ ရှိတာပေ့ါနော်။ ဒီအချက်အလက် တွေက အဓိကကတော့ စွဲဆိုတဲ့ပုဒ်မနဲ့၊ တရားခွင်မှာ ထွက်ဆိုတဲ့အချက်အလက်တွေက ညှိစွန်းမှု မရှိဘူးဆိုတာကို အခြေခံပြီး မူတည်ပြီးတင်တာပါ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်ကိုအကြည်ညိုပျက်စေတဲ့၊ အစိုးရကို အကြည်ညိုပျက်စေတဲ့ အသုံး အနှုန်းတွေ၊ အပြုအမူတွေ၊ ဒီအမှုတွဲတွေမှာ တရားလိုနဲ့ လိုပြသက်သေတွေရဲ့ ထွက်ဆိုချက်တွေဟာ၊ ထင်ရှားမြင်သာ တဲ့အခြေနေ မှာ ရှိလားမရှိဘူးလား၊ ဘယ်လိုအကြောင်းအချက်တွေအပေါ် မူတည်ပြီးတော့ သူတို့က နိုင်ငံတော်ကိုအကြည် ညိုပျက်အောင် ပြောဆိုမှုတွေရှိသလဲ၊ အမှုရာအားဖြင့် ဘယ်လိုအခြေအနေရှိသလဲ ဒီအခြေအနေတွေအပေါ်မှာ ကျနော်တို့က စီစစ်ပြီးတော့ တက်ရတဲ့ အယူခံမှုပါ။"

ဒီဗွီဘီ ။ ။ အခုက ပုဒ်မ (၁၂၄–က) နဲ့သက်ဆိုင်တဲ့ အမှုကိုပဲ အယူခံတင်ခဲ့တာဆိုတော့၊ ကျန်တဲ့ အမှုတွဲတွေအတွက် ဆက်ပြီး အယူခံတက်ရအုန်းမယ်ဆိုတဲ့သဘောလား။

"အခုဟာ ပုဒ်မ (၁၂၄–က) ပေ့ါနော်။ နိုင်ငံတော် အကြည်ညိုပျက်စေတဲ့ အပေါ်မှာပဲ အခြေခံတက်ထားတာကိုး။ အမှုတွေက အများကြီးကျန်သေးတယ်။ မပြီးသေးဘူး။ (၁၂၂) နိုင်ငံတော်ပုန်ကန်မှုတို့ဆိုတဲ့ ပုဒ်မတွေညး ရှိသေးတယ်။ နောက်တခါ အခြေခံဥပဒေနဲ့ စွဲထားတဲ့ ပုဒ်မတွေရှိတယ်၊ နောက်တခါ အသင်းအဖွဲ့ပုဒ်မတွေနဲ့စွဲထားတာရှိတယ်။ နောက်တခါ သွင်းကုန် ထုတ်ကုန်နဲ့ စွဲထားတာရှိတယ်။ နိုင်ငံတော်စီးပွားရေးပုဒ်မတွေနဲ့ စွဲထားတာရှိတယ်။ အများပြည်သူဆိုင်ရာ အပကပုဒ်မတွေနဲ့ စွဲထားတာရှိတယ်၊ နောက် ပုံနှိပ်ပုဒ်မတွေနဲ့ စွဲထားတာရှိတယ်။ အဲဒါတွေကို ကာလစည်းကမ်းသတ်မလွန်ခင် ဆက်ပြီး ပုဒ်မအရ အုပ်စုခွဲပြီးတက်မှာပါ။"

ဒီဗွီဘီ ။ ။ ဦးခွန်ထွန်းဦးတို့ (၈) ဦးရဲ့ အမှုတွဲအတွက် အယူခံတင်သွင်းတာနဲ့ ပတ်သက်ပြီး ထွက်ပေါ်လာမယ့်ရလာဒ် အပေါ် အကျိုးဆောင်ရှေ့နေတဦးအနေနဲ့ ဘယ်လို မျှော်လင့်ထားပါလဲ။

"ကျနော်တို့ကတော့ ဒီအယူခံတက်တယ်ဆိုတာကတော့ စောစောကလို မျှော်လင့်ချက်မထားဘဲနဲ့ တက်တဲ့ သဘော တော့မရှိပါဘူး။ ကျနော်တို့မှာ မျှော်လင့်ချက်တော့ရှိပါတယ်။ မျှော်လင့်ချက်ဆိုတာကလဲ တရားရုံး အဆင့်ဆင့်ကုန်တဲ့အထိ မျှော်လင့်ချက်ထားရမှာပါ။ ဒါဥပဒေလမ်းကြောင်းအရ ဥပဒေပိုင်းဆိုင်ရာက ဒီလိုပဲ ပြောရမှာပါ။ မျှော်လင့်ချက်မရှိဘူး၊ ဒါတွေက မဖြစ်နိုင်ဘူးဆိုပြီး ဒီလိုလက်လျော့ပစ်လို့တော့မရပါဘူး။ ဒါကျနော်တို့အတွက် တာဝန်မကျေဘူးပေ့ါနော်။ ကျနော်တို့ရဲ့ ကြိုးစားမှုတွေသည်၊ အမှုထဲက ဖြစ်ပေါ်မှုတွေကိုထိုးဖောက်ပြီးတော့ တင်ပြရမယ့်တာဝန်က ကျနော်တို့ ရှေ့နေတာဝန်ပါ။"

ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏ အမှုအတွက် အယူခံကိစ္စဆောင်ရွက်ပေးနေသည့် အဖွဲ့ချုပ်

ရှေ့နေဦးအောင်သိန်းအား ဆက်သွယ်မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။ အယူခံကိစ္စဆောင်ရွက်ပေးနေရသည့် ရှမ်းခေါင်းဆောင် (၈) ဦးမှာ ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် CRPP အဖွဲ့ဝင်လည်းဖြစ်သည့် ဦးခွန်ထွန်းဦး၊ ရှမ်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ အဖွဲ့ဝင် ဦးစိုင်းလှအောင်၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းအဖွဲ့ နာယက ဗိုလ်ချုပ်ဆေထင်၊ ရှမ်းပြည်မျိုးဆက်သစ် ကျောင်းသားလူငယ်များအဖွဲ့မှ ဦးမြင့်သန်း၊ ဦးထွန်းညို၊ စိုင်းညီညီမိုးနှင့် စိုင်းမျိုးဝင်းထွန်းတို့ ဖြစ်ကြသည်။ ယင်းတို့အား ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလ (၉) ရက်နေ့တွင် ဖမ်းဆီးပြီး နှစ်ကုန်ပိုင်း နိုဝင်ဘာလ (၁၃) ရက်နေ့၌ နိုင်ငံတော်အကြည်ညိုပျက် စေရန်လုပ်ဆောင်မှု ပုဒ်မအပါအဝင် ပုဒ်မပေါင်းများစွာဖြင့် အနည်းဆုံး ထောင် (၇၉) နှစ်မှ အများဆုံး (၁၀၆) နှစ် အထိ ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## လိုင်သာယာအဖွဲ့ချုပ်ဒု-ဥက္ကဋ္ဌနှင့် သားဖြစ်သူတို့အမှု အယူခံတင်ရန် အခက်အခဲဖြစ်

*၂၃၊ဖေဖော်ဝါရီ၊၂၀၀၆*

အင်းစိန်ထောင်တွင် ထောင် (၂) နှစ်စီကျခံနေရသည့် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ် အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးလှအေးနှင့် သားဖြစ်သူ အဖွဲ့ချုပ်ဝင် ကိုသန့်ဇင်မိုးတို့ (၂) ဦးအတွက် ရှေ့နေလွှဲစာကို၊ ထောင်အာဏာပိုင်များက ထုတ်မပေး ခြင်းကြောင့်၊ အယူခံတင်ရန် အခက်အခဲဖြစ်နေသည်ဟုသိရပါသည်။ ယင်းတို့ (၂) ဦးအတွက် အယူခံတင်ရန်လိုအပ်သည့် ရှေ့နေလွှဲစာကို လွန်ခဲ့သည့်နှစ် စက်တင်ဘာလ (၂၉) ရက်နေ့ကတည်းက၊ အင်းစိန်ထောင်အာဏာပိုင်များထံ တင်ပြတောင်းဆိုခဲ့ ခြင်းဖြစ်သည်ဟုဆိုပါသည်။ သို့သော်ယခု (၅) လကြာလာသည် အထိ ထုတ်မပေးသည့်အတွက် အယူခံတင်ရန်အခက်တွေ့ နေရကြောင်း၊ အကျိုးဆောင်ရှေ့နေ ဦးခင်မောင်ရှိန်က ယခုလို ပြောပြပါသည်။

"ဦးလှအေးတို့က နိုင်ငံရေးသမားဖြစ်လို၊ NLD အဖွဲ့ဝင်ဖြစ်လို့ပေါ့။ NLD အဖွဲ့ဝင် ဖြစ်တဲ့အတွက် ဒီဥစ္စာကို ရုံးချုပ် တင်ရမယ်ဆိုပြီး။ ထပ်ပြီးတော့ နိုင်ငံရေးသမားတွေပါဝါတင်သလိုပဲ ထပ်ပြီးတောင်းတဲ့အတွက် ကျနော်ထပ်ပေး ခဲ့ရတယ်။"

ဦးလှအေးတို့ သားအဖ (၂) ဦးအတွက် အယူခံကိစ္စဆောင်ရွက်ရာ၌ ယခုကဲ့သို့ အဟန့်အတားများ ရှိနေခြင်းသည်၊ သူတို့အတွက် ရသင့်ရထိုက်သည့် အခွင့်အရေး ဆုံးရှုံးနစ်နာစေသည်ဟု ဦးခင်မောင်ရှိန်က ယခုလို ထောက်ပြ ပြောဆိုသွား ပါသည်။

"အခုဟာက အခုချိန်ထိမရဘူးဆိုတဲ့အခါကြတော့ ဒီနေ့မှ ပြန်ပြီးတော့ အသစ်တင်မှာ။ သူတို့အဲဒါကို ဒီကနေ့ လက်ခံရရှိတယ်။ နောက်တနေ့ရပါတယ်လို့ လုပ်ပေးလို့ရင် ကျနော်တို့က limitation မှာ ဘယ်လိုမှကျမ်းကျိမ် လို့မရတော့ဘူး။ ဦးလှအေးတို့အနေနဲ့ကလည်း ဒီလိုလုပ်တဲ့အတွက် အများကြီးနစ်နာတယ်။ ကျနော်တို့က တင်စရာ ရှိတဲ့အပိုင်း အယူခံတင်မယ်။ တင်တဲ့အခါမှာ လက်ခံတယ်။ ဥပဒေအကြောင်းအရာနဲ့ ပတ်သက်လို့ ဦးလှအေးတို့ဟာကို ကျနော်တို့ပြောပြမယ်။ အယူခံမယ်။ ဒါအပိုင်းဖြစ်လို့ နောက်ဆုံးပယ်အုံး သူ့ရဲ့ အခွင့်အရေးကို ပြည့်ပြည့်ဝဝ ကျင့်သုံးရတယ်။ အခုဟာက လုံးဝပြောဆိုခွင့် အခွင့်အရေး အယူခံခွင့်အခွင့်အရေးကို ပိတ်ခံထားရသလို ဖြစ်နေတဲ့ အနေအထားရှိပါတယ်။"

ဦးလှအေးတို့ သားအဖ (၂) ဦးမှာ လွန်ခဲ့သည့်နှစ်အတွင်းက လှိုင်သာယာမြို့နယ်၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းရိုက်နှက်ခံရပြီး၊ မတရားဖမ်းဆီးထောင်ချခံနေရသူများဖြစ်ပါသည်။ အသက် (၆၇) နှစ်အရွယ်ရှိ ဦးလှအေးသည် အဖမ်းခံရသည့်အချိန်တွင် နှလုံးနှင့်သွေးတိုးရောဂါများကြောင့် လှိုင်သာယာဆေးရုံ၌ ဆေးကုသမှုခံယူနေချိန်ဖြစ်သည်ဟု ဆိုပါသည်။ ထောင်ထဲရောက်သည့် အခါတွင်လည်း၊ လုံလောက်သည့် ဆေးဝါးကုသမှုမရသောကြောင့်၊ ဦးလှအေး၏ ကျန်းမာရေးအခြေအနေ သိပ်မကောင်းကြောင်း၊ မိသားစုဝင်များ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## မောင်မောင်ဦးနှင့် ချစ်သိန်းထွန်းတို့အားဖမ်းဆီးထားကြောင်း န အ ဖ မှဝန်ခံ

*၂၃၊ဖေဖော်ဝါရီ၊၂၀၀၆*

ယခုနှစ်ဆန်းပိုင်း ဇန်နဝါရီလ ၄ ရက်နေညတွင် အိန္ဒိယ – မြန်မာနယ်စပ် အိန္ဒိယနိုင်ငံဖက် မိုရေးမြို့မှ မြန်မာ့ ဒီမိုကရေစီရေး လှုပ်ရှားဆောင်ရွက်နေသော၊ ကျောင်းသားနှစ်ဦးဖြစ်သည့် ကိုမောင်မောင်ဦးနှင့် ကိုချစ်သိန်းထွန်းတို့အား ဖမ်းဆီးထားကြောင်း၊ န အ ဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းက ယခုလ ၂၀ ရက်နေ့ လားရှိုးမြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဝန်ခံပြောကြားခဲ့ပါသည်။

အဆိုပါတင်းစာရှင်းလင်းပွဲတွင် န အ ဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းက၊ ကျောင်းသား မောင်မောင်ဦးနှင့် ချစ်သိန်းထွန်းတို့အား ဖမ်းဆီးထားပြီးဖြစ်ကြောင်း ဓါတ်ပုံနှင့်တကွ ပေါ်ပြရှင်းလင်းခဲ့ပြီး ၊ ယခင်လ ၈ ရက်နေ့တွင် ဖြစ်ပွါးခဲ့သည့်

နယ်စပ်နန်းဖါလုံဈေး ဗုံးပေါက်ကွဲမှုအတွက်တရားခံများအဖြစ် သတ်မှတ်ထားပါသည်။ ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အဆိုပါပြောဆိုချက်နှင့် ပတ်သက်၍၊ အိန္ဒိယ – မြန်မာနယ်စပ် အခြေစိုက် မြန်မာ့ဒီမိုကရေစီးလှုပ်ရှားဆောင်ရွက်နေသည့် မြန်မာကျောင်းသားများအဖွဲ့၏ ဒုတိယခေါင်းဆောင် ကိုသူရ မှ အောက်ပါအတိုင်းပြောပြသွားခဲ့ပါသည်။

"န အ ဖ ဟာ တရားခံအစစ်ကို မဖော်ထုတ်နိုင်ဘဲနဲ့ထုံးစံအတိုင်းပဲ ဇာတ်လမ်းတစ်ခုခုစဉ်ပြီး၊ အိန္ဒိယနိုင်ငံထဲဝင်ပြီး ကျွန်တော်တို့ရဲဘော်တွေကိုဖမ်း၊ တရားခံအဖြစ်စွပ်စွဲသွားတာဖြစ်တယ်။ ဒါဟာအခြေအမြစ်မရှိတဲ့ စွပ်စွဲချက်ဖြစ်တယ်။ ကျနော်တို့အပါအဝင် အခြားသော မည်သည့်ဒီမိုကရေစီအင်အားစုတွေရဲ့လုပ်ရပ် လုံးဝမဟုတ်ကြောင်း ကျနော်အနေနဲ့ အတိအကျပြောလိုပါတယ်။"

ထို့အပြင် ဗိုလ်မှူးချုပ်ကျော်ဆန်းက ယင်းတို့နှစ်ဦးအား တမူးမြို့တွင်ဖမ်းဆီးမိကြောင်းသာ ရှင်းပြခဲ့ပြီး အိန္ဒိယပိုင်နက် ထဲဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း လုံးဝထုတ်ဖော်ပြောဆိုခြင်း မလုပ်ခဲ့ပါ။ ယင်းတို့နှစ်ဦးအား ဖမ်းဆီးခဲ့ရာတွင် မျက်မြင်သက်သေ အဖြစ်ရှိနေခဲ့သူ ကိုမောင်မောင်ဦး၏ ဇနီးဖြစ်သော မခင်ဆန်းဦး၏ အဆိုအရ – –

"မဟုတ်ဘူး။ သူတို့ပြောသလို လုံးဝမဟုတ်ဘူး။ သူတို့ပြောနေတာက ဗမာပြည်ထဲမှာ လိုလိုပြောနေတာ။ အခုဟာက ဗမာပြည်မှမဟုတ်တာ။ အိန္ဒိယနိုင်ငံထဲ ဝင်ဖမ်းတာကိုး။ လာဖမ်းတာ ည ဆယ်နာရီခွဲကြီး။ ခေါ်တော့ ဗမာလိုခေါ်တာ မောင်မောင်ဦး၊ မောင်မောင်ဦးနဲ့။ အဲဒီအပြင်ကလူတစ်ယောက်ပဲ ဗမာလိုပီပီသသပြောတယ်။ တစ်ယောက်တည်းပဲရှေ့ထွက် လာတာလေ။ နောက်တစ်ယောက်က တံခါးပေါက်မှရပ်နေတယ်။ ကျမထင်တာ သူကတော့ ကသည်းပဲနေမှာ။ လက်နက်ကိုင် ထားတယ်။ ကသည်းစကားလုံးဝမပြောဘူး။ ဗမာလိုမေးတယ်။ နာမည်ဘယ်လိုဖေါ်သလဲတောင်မဟုတ်ဘူး။ နံမည်ပြောပါတဲ့။ ဒီတော့သူ မောင်မောင်ဦးလို့ပြောလိုက်တယ်။ မောင်မောင်ဦးဆိုလာခဲ့ပါတဲ့။ ဗမာစကားလုံးဝ မပီဘူး။ ဒီကိစ္စသူတို့မလုပ်ဘူးဆိုတာ သိနေတယ်။ အဖွဲ့အစည်းမှာလည်း ဒီလိုစိတ်ဓါတ်မျိုးမရှိဘူး။ ဒီမိုကရေစီရေး လုပ်နေကြတဲ့ ကျောင်းသားအစစ်အမှန်ဆိုရင် ဒီလိုမျိုးဘယ်သူမှ မလုပ်ကြဘူး။ ကျမစိတ်ထဲမှာတော့ ဗုံးမခွဲတဲ့သူကို ဗုံးခွဲပါတယ်ဆိုပြီး ဇွတ်အတင်းဝန်ခံခိုင်းတယ်လို့ ထင်တယ်။"

အဆိုပါသတင်းစာရှင်းလင်းပွဲတွင်ပြသထားသည့် ချစ်သိန်းထွန်းနှင့် မောင်မောင်ဦးတို့၏ ဓါတ်ပုံများကို ဒီဗွီဘီမှအသေးစိတ်လေ့လာကြည့်သည့်အခါ နှစ်ဦးစလုံး၏ မျက်နှာများတွင်နှိပ်စက်ညှဉ်းပန်းခံထားရသည်များကို တွေ့ရှိခဲ့ ရပါသည်။ အိန္ဒိယ ပိုင်နက် မိုရေးမြို့တွင် ယခုလ ၁၄ ရက်နေ့တွင် န အ ဖ စစ်တပ်မှ ၊ မြန်မာကျောင်းသားများရုံးမှ ရုံးတာဝန်ခံ ကိုမောင်မောင်ဦးနှင့် ကိုချစ်သိန်းထွန်းတို့အား ဝင်ရောက်ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ဖမ်းဆီးနိုင်ရေးအတွက် အိန္ဒိယဗဟို အစိုးရအား ပုန်ကန်နေသည့် ခွဲထွက်ရေးအုပ်စုဖြစ်သည့် မဏိပူရ် ကသည်းလက်နက်ကိုင်များက၊ အကူအညီပေးခဲ့သည်ဟု သိရပါသည်။ နောက်တနေ့တွင် ချစ်သိန်းထွန်း၏ဇနီး မနှင်းနှင်းနှင့် လေးနှစ်သမီးအရွယ် မအိပိုပိုတို့အား ယင်းတို့နေထိုင်ရာ တမူးမြို့နယ် ရန်လင်ဖိုင်ကျေးရွာတွင် ဖမ်းဆီးခဲ့ပါသည်။ ဆက်လက်၍ ထိုကိစ္စနှင့်ပတ်သက်သည်ဆို၍ တမူးမြို့မှ ဖိုးကျော်နှင့် ကျော်စီဆိုသူ ညီအကိုနှစ်ဦးလည်း ဖမ်းဆီးထားကြောင်းသိရပါသည်။ ဖိုးဇော်၏ဇနီးဖြစ်သူ ကိုယ်ဝန်အရင့်အမာဆောင်ထားသည့် မအေးမြင့်မာကိုပါဖမ်းဆီးခဲ့ပြီး ယခုတိုင် တမူးအချုပ်ခန်း၌ ချုပ်နှောင်ထားဆဲ ဖြစ်ကြောင်းသိရပါသည်။

အစသို့

## စုစုနွေးကျောင်း ရံပုံငွေဈေးပွဲတော် ဖင်လန်၌ ကျင်းပပြုလုပ်

*၂၅ဖေဖော်ဝါရီ၂၀၀၆*

ဖင်လန်နိုင်ရောက်မြန်မာနိုင်ငံသားများစုပေါင်း၍ ဖင်လန်နိုင်ငံ ကိုရိုပီရိုမြို့တွင်ရှိသည့်စုစုနွေးကျောင်း၊ ကျောင်းရံပုံငွေ ဈေးပွဲတော်ကို ယနေ့ နေ့လည် (၁) နာရီမှ ညနေ (၄) နာရီအထိ ကျင်းပပြုလုပ်ခဲ့ကြသည်ဟုသိရပါသည်။ အဆိုပါဈေးပွဲတော်၌ မြန်မာကလေးငယ်များ ကိုယ်တိုင်ပြုလုပ်ထားသည့် လက်မှုပစ္စည်းများ၊ ပန်းချီကားများနှင့် မြန်မာ့မုန့်မျိုးစုံကို ခင်းကျင်းရောင်း ချခဲ့ကြပြီး၊ စုစုပေါင်း ဖင်လန်၊ မြန်မာ (၁၀၀) နီးပါးလာရောက် အားပေးခဲ့ကြောင်းသိရပါသည်။ ဈေးပွဲတော်ပြုလုပ်ရသော ရည်ရွယ်ချက်နှင့်ပတ်သက်၍ ကျောင်းအုပ်ချုပ်ရေးအဖွဲ့ဝင် ကိုသားဆွေက ယခုလိုပြောပြပါသည်။

"ဒီကနေ့ကကျတော့ ကလေးတွေအနေနဲ့ သူတို့လုပ်ထားတဲ့ ပန်းချီကားလေးတွေ၊ ဆွဲထားတဲ့ ပန်းချီကားလေးတွေ၊ လုပ်ထားတဲ့ လက်မှုပစ္စည်းလေးတွေပေါ့ဗျာ။ အဲဒါလေးတွေကို ကျနော်တို့ ဒီမှာ ခင်းကျင်းပြီးတော့ ရောင်းချမယ်။ ရောင်းချပြီးတော့ ရောင်းလို့ရတဲ့ရံပုံငွေကို ကျောင်းမှာလိုအပ်တဲ့ သင်ထောက်ကူပစ္စည်းလေးတွေ ပြန်ဝယ်ယူဖို့အတွက်အသုံးချမယ်။ အဲဒီရည်ရွယ် ချက်နဲ့ပေ့ါ။ ကျနော်တို့ လုပ်ကြတာပေ့ါလေ။ လောလောဆယ်မှာ ကျနော်တို့ ကျောင်းမှာ အဓိကတော့၊ ဗမာစာပေ့ါ မြန်မာစာပေ့ါ မိခင်ဘာသာစကားပေ့ါ အဲဒါကိုသင်ပေးတယ် နောက်ပြီးတော့ သင်္ချာကိုသင်ပေးတယ်။"

အာဏာပိုင်များ၏ မတရားအကျဉ်းချခံထားရသည့် ထန်းမနိုင်ရွာသူ မစုစုနွေးအား၊ ဂုဏ်ပြုသည့်အနေဖြင့်၊

## စာမျက်နှာ ၂၀

အရဏ်ဦးကျောင်းလေးကို စုစုနွေးကျောင်းအဖြစ် အမည်ပြောင်းခဲ့ခြင်းနှင့် စပ်လျဉ်း၍ – –

"ကျနော်တို့ အဲဒီမှာ မစုစုနွေးပေါ့ဗျာ နိုဝင်ဘာလ (၁၃) ရက်နေ့ (၂၀၀၅) ခုနှစ်ပေါ့။ အဲဒီမှာ သူ့ကို နအဖတရားရုံးကနေပြီးတော့ မတရားထောင်ချလိုက်တယ်။ ထောင်ဒဏ် (၁၈) လပေါ့ဗျာ။ အဲဒီအချိန်မှာက ကျနော်တို့ ဒီမတရားမှုကို ဘယ်လိုမျိုး ဖော်ထုတ်မလဲ။ နအဖက ဒါမျိုးတွေ လုပ်နေတယ်ဆိုတာ ဖော်ထုတ်တင်ပြဖို့အတွက်၊ ကျနော်တို့ အစည်းအဝေးထိုင်ကြပြီးတော့ ဖင်လန်နိုင်ငံမှာ ရှိနေတဲ့၊ စာသင်ကျောင်းကို (၁) အချက် မစုစုနွေးကို ဂုဏ်ပြုမယ်။ သူ့နာမည်ကို အမှီပြုအစွဲပြုပြီးတော့ သူ့နာမည်ကို ပေးမယ်။ (၂) အချက်က ဒီကျောင်းလေးကို နောက်ထပ် တဖြည်းဖြည်းနဲ့ တိုးချဲ့သွားမယ်၊ တိုးချဲ့ရင်းနဲ့ တဖက်ကလဲ ဗမာပြည်အကြောင်းနဲ့ မစုစုနွေးအကြောင်းကိုပေါ့ဗျာ၊ ဗမာပြည်မှာ ဒေါ်အောင်ဆန်းစုကြည်တင် မဟုတ်ဘူး။ မစုစုနွေးတို့လို သူရဲကောင်းတွေ အများကြီး ရှိသေးတယ်ဆိုတာလဲ ပြသဖို့ရည်ရွယ်ချက်နဲ့ပေါ့။ မစုစုနွေးဆိုတဲ့ နာမည်နဲ့ကျောင်းကို နာမည်ပြောင်းလိုက်တာပါ။"

အစသို့

## ICRC ၏ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခွင့် နအဖက ဆိုင်းငံ့ထား

*၂၇၊ဖေဖော်ဝါရီ၊၂၀၀၆*

မြန်မာစစ်အစိုးရသည် နိုင်ငံတကာကြက်ခြေနီအဖွဲ့ (**ICRC**) ၏ အကျဉ်းထောင်များသို့ သွားရောက်စစ်ဆေးခွင့်များအား ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်း၊ ဘန်ကောက်မှလာသည့် **AFP** သတင်းအရ သိရပါသည်။ ယမန်နှစ် နှစ်ကုန်ပိုင်းမှစ၍ မြန်မာအာဏာပိုင်များက **ICRC** ၏ အကျဉ်းထောင်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခွင့်ကို ခွင့်မပြုခဲ့ခြင်းဖြစ်ကြောင်း၊ ရန်ကုန်မြို့ **ICRC** ရုံး ဆက်သွယ်ရေးအရာရှိ မစ္စဗီအိုနာတယ်ရီက ပြောပြကြောင်း **AFP** သတင်း၌ဖော်ပြထားပါသည်။ မြန်မာအစိုးရနှင့် ပြဿနာစဖြစ်ရသည်မှာ၊ ယမန်နှစ် နှစ်ကုန်ပိုင်းက **ICRC** ၏ အကျဉ်းထောင်ခရီးစဉ်တိုင်းကို အစိုးရအရာရှိများနှင့် အတူပူးတွဲသွားလာရမည်ဟု မြန်မာစစ်အစိုးရဖက်မှ တောင်းဆိုခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ **ICRC** အနေဖြင့်၊ အကျဉ်းထောင်များထံ သွားရောက်သည့် အခါ လွတ်လွတ်လပ်လပ် တွေ့ဆုံစစ်ဆေးဆောင်ရွက်ခွင့် ရှိရမည်ဆိုသည်မှာ **ICRC** ၏ မူ ဖြစ်ပါသည်။ **ICRC** ဖက်က အကျဉ်းထောင်များသို့ အမြန်ဆုံး ပြန်လည်သွားရောက်ခွင့်ရရန်၊ မြန်မာအာဏာပိုင်များနှင့် မကြာခင် ဆွေးနွေးမည် ဖြစ်ပါသည်။ သို့သော် အခက်အခဲဖြစ်နေသည်မှာ ပျဉ်းမနားကြပ်ပြေးသို့ ပြောင်းရွှေ့သွားသည့် မြန်မာအရာရှိများနှင့် ဆက်သွယ်ရန်လိုသည့်အတွက်၊ သက်ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ဖုန်းနံပါတ်များရရန် အင်မတန်ခက်ပါသည်ဟု၊ မစ္စတယ်ရီက ပြောကြောင်း ဘန်ကောက်မှလာသည့် **AFP** သတင်းတွင်ပါရှိပါသည်။ **ICRC** ၏ အကျဉ်းထောင်များထံ သွားရောက်တွေ့ဆုံခွင့်အား၊ ဆိုင်းငံ့ထားလိုက်သော မြန်မာစစ်အစိုးရ၏ ဆုံးဖြတ်ချက်အပေါ် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (**AAPP)** မှ အတွင်းရေးမှူး ကိုတိတ်နိုင်က အောက်ပါအတိုင်း သုံးသပ်ပြောဆိုလိုက်ပါသည်။

"အာဏာပိုင်တွေနဲ့ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နဲ့ အတူသွားတွေ့မှရမယ်လို့ **ICRC** ကို အကြောင်းကြားတယ်လို့ ကျနော်တို့သိရတယ်။ **ICRC** ကလဲ အဲဒါနဲ့ပတ်သက်ပြီးတော့ လက်ခံလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံတခုထဲမှာ **ICRC** တည်ရှိနေတာ မဟုတ်ဘူး။ နိုင်ငံတော်တော်များများမှာ **ICRC** ကတည်ရှိနေတာဖြစ်တယ်။ **ICRC** ရဲ့ သဘောသဘာဝက ဘယ်အကျဉ်းထောင်မှာမဆို ဖြစ်ပျက်နေတဲ့အနေအထား ဘာမဆို၊ ဘယ်နယ်စပ်ဒေသမှာမဆို သူတို့က လွတ်လွတ်လပ်လပ်နဲ့ တွေ့ခွင့်ရတဲ့ အနေအထားမျိုးဖြစ်တယ်။ အခုလို အာဏာပိုင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ်၊ အာဏာပိုင်တွေနဲ့ အတူသွားရမယ်ဆိုတော့က **ICRC** က ဘယ်လိုမှ လက်ခံလို့မရဘူး။ မြန်မာတနိုင်ငံထဲကိုပဲကွက်ပြီးတော့ လက်ခံရမယ်ဆိုတာကတော့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။"

ယခုအချိန်အထိ မြန်မာစစ်အစိုးရအကျဉ်းထောင်များ၌၊ နိုင်ငံရေးအကျဉ်းသား (၁၁၀၀) ကျော်ခန့် ရှိနေပါသည်။ ယခုကဲ့သို့ နအဖဖက်မှ **ICRC** ၏ လုပ်ပိုင်ခွင့်များအား၊ ကန့်သတ်ပိတ်ပင်လိုက်ပြီးနောက်ပိုင်း နိုင်ငံရေးအကျဉ်းသားများ အနေဖြင့်၊ အခြေခံစားသောက်နေထိုင်ရေး တင်းကြပ်လာသည့်အတွက် ထောင်ဝင်စာသွားတွေ့ရသော မိသားစုဝင်များမှာ စိတ်ညစ်နေကြရပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ နိုင်ငံရေးအကျဉ်းသားမိသားစုဝင်တစ်ဦးမှ ဒီဗွီဘီသို့ ယခုကဲ့သို့ ပြောပြပါသည်။

"ဘာတွေဆုံးရှုံးသွားတယ်ဆိုတော့ သူတို့ပေးတဲ့ ဆပ်ပြာမရဘူး။ ဆပ်ပြာအခက်ခဲ တွေ့တာပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ တချို့အိမ်က မပေးနိုင်တဲ့သူတွေ ရှိတာပေါ့နော်။ နယ်သမားတွေလဲ ရှိတယ်လေ။ ရှိတော့ **ICRC** က ဥပမာ တစ်ပတ်ကို တစ်တုံးပေါ့။ တလဆို သူတို့အတွက် တတောင့်ရတယ်ပြောတယ်။ တတောင့်ရတယ်ဆိုည်း မနည်းဘူးပေါ့။ အကျဉ်းသူ အကျဉ်းသားတွေ အတွက်ကတော့၊ နောက်တခုက ထောင်ဝင်စာကိုလဲ အရမ်းကိုကြပ်တာပေါ့။ မုန့်ဆိုလဲ သတ်မှတ်ထားတာ

နှစ်ထုပ်၊ နှစ်ထုပ်နဲ့ နှစ်ပတ်ကို ဘယ်လိုစားလို့ရမှာလဲ။ ကော်ဖီမစ်တို့ဘာတို့လဲ (၁၄) ထုပ်။ တနေ့ကို တထုပ်နှုန်းပဲ သူတို့က သောက်ခွင့်ရှိတာ။ ဒီကြားထဲ ဝန်ထမ်းတွေတောင်းတာတို့ဘာတို့ဆိုရင်မကဘူး။ ခါတိုင်းဆို ကြိုက်သလောက် သွင်းလို့ရတယ်။ အခုဆိုမရတော့ဘူး။ အရင်တုန်းက ကော်ဖီမစ်၊ နို့မှုန့်တို့ဘာတို့ဆိုတာ ထောင်ဝင်စာက သွင်းလို့ရတယ်။ အခုဟာက ဆေးစာကနေရေးရတယ်။ ဖျော်ရည်ကအစ အကုန်ဆေးစာကနေ ရေးရတယ်။ မိသားစုဝင်တွေစိုးရိမ်တာက အစားအသောက်ပဲ။ ဘာကြောင့်လဲဆိုတော့ စားနိုင်မှ ကျန်းမာမယ်လေ။”

ထို့အပြင် ယခုအခြေအနေမှာ အကျဉ်းသားများ၏ စာဖတ်ခွင့်ကို ကန့်သတ်လိုက်ပြီး၊ အကျဉ်းသားများ၏ လိုအပ်ချက် တင်ပြနိုင်ခွင့်ပါ လုံးဝဆုံးရှုံးသွားသည့်အကြောင်း ဆက်လက်ပြောပြပါသည်။

အစသို့

## ဦးခွန်ထွန်းဦးတို့အမှုတွဲအတွက် ဒုတိယအသုတ် အယူခံ ထပ်မံတင်သွင်း

*၂၇၊ဖေဖော်ဝါရီ၊ ၂၀၀၆*

ရှမ်းအမျိုးသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးအပါအဝင်၊ ရှမ်းခေါင်းဆောင် (၈) ဦး၏ အမှုတွဲအတွက် အယူခံကို ဒုတိယအသုတ်အနေနှင့် ယခုလ (၂၃) ရက်နေ့က ထပ်မံတင်သွင်းခဲ့ကြောင်းသိရပါသည်။ ယခုတကြိမ် တင်သွင်းသည်မှာ နိုင်ငံတော်ပုန်ကန်မှုပုဒ်မအတွက် အဓိကတင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်းက ယခုလို ရှင်းပြပါသည်။

ဒုတိယအသုတ်က (၁၂၂ – ၁) ပေါ့။ နိုင်ငံတော်ပုန်ကန်မှုနဲ့ ပတ်သက်တဲ့ကိစ္စ။ အဲဒီမှာက ဗိုလ်ချုပ်ဆေထင်က တစ်မှု၊ ခွန်ထွန်းဦးတစ်မှု၊ စိုင်းညွန့်လွင်တစ်မှု၊ နောက်မြင့်သန်းပါ (၅) ဦးတစ်မှုပေါ့နော်။ အဲဒီ(၄) မှုအပြင် နောက်တခါ ခွန်ထွန်းဦးနဲ့ ပတ်သက်ပြီးတော့၊ အရေးပေါ် (၅–စ)နဲ့ ပတ်သက်တဲ့ဟာတစ်ခုပါတင်တယ်။ အားလုံးက (၅) မှုဖြစ်သွားတာပေါ့နော်။ ဒုတိယအသုတ်အနေနဲ့ တင်ထားတာပါ။”

ဦးခွန်ထွန်းဦးတို့ (၈) ဦးအပေါ် စွဲထားသောပုဒ်မများမှာ များလွန်းသည့်အတွက်၊ အယူခံကို အသုတ်လိုက်ခွဲ တင်သွင်းနေရခြင်း ဖြစ်ပါသည်။ နိုင်ငံတော်အကြည်ညိုပျက်စေသည့် ပုဒ်မ (၁၂၄–က) အတွက်ကို၊ အခုလ (၂၁) ရက်နေ့တွင် အယူခံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။ ကျန်အမှုတွဲများအတွက်လည်း တတိယအသုတ်အဖြစ် မကြာခင်ရက်ပိုင်းအတွင်း ဆက်လက်အယူခံတင်သွင်းသွားမည်ဟုဆိုပါသည်။ ယခုကဲ့သို့ အသုတ်လိုက်ခွဲဆောင်ရွက် နေရသည့် အယူခံအတွက် လက်ခံမခံကိစ္စကို တရားရုံးက မည်သို့ဆုံးဖြတ်ပါသနည်းဟု မေးကြည့်သည့်အခါ အကျိုးဆောင် ရှေ့နေ ဦးအောင်သိန်းက အောက်ပါအတိုင်းရှင်းပြပါသည်။

“ပထမသုတ်၊ ဒုတိယသုတ်ခွဲရင်လည်းခွဲမယ်ပေါ့။ ဒါတော သေချာပေါက်ပြောလို့မရဘူး။ အမှုအားလုံးပြီးတဲ့အခါ ဒါတွေတပေါင်းတည်းလက်ခံတယ်။ ဘယ်ဟာလျှော့တယ်၊ ဘယ်ဟာပေါ့တယ်ပေါ့နော်။ ဘယ်ဟာကို ဆက်အတည်ပြုတယ် ပြောလို့မရဘူး။”

ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းခေါင်းဆောင် (၈) ဦး၏ အမှုတွဲအယူခံကိစ္စအကြောင်း အဖွဲ့ချုပ်ရှေ့နေ ဦးအောင်သိန်း ရှင်းပြခဲ့ခြင်းဖြစ်ပါသည်။

အစသို့

## ဒေါက်တာဇော်မြင့်မောင်ကို ကျန်းမာရေးစမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေး

*၂၈၊ဖေဖော်ဝါရီ၊ ၂၀၀၆*

ကချင်ပြည်နယ် မြစ်ကြီးနားထောင်၌ အကျဉ်းကျခံနေရသော လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်မြင့်မောင်အား၊ မြောက်ပိုင်းတိုင်းတိုင်းမှူး၏ အစီအစဉ်အရ၊ အပြင်ဆေးရုံထုတ်ပြီး ကျန်းမာရေးစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရပါသည်။ ယခုလ (၂၀) ရက်နေ့တွင် ဒေါက်တာဇော်မြင့်မောင်အား မြစ်ကြီးနားဆေးရုံမှ ဆရာဝန်ကြီးများနှင့်ပြပြီး သူ့ဆန္ဒအတိုင်း စမ်းသပ်စစ်ဆေးမှု ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုလ (၂၁) ရက်နေ့က ထောင်ဝင်စာတွေ့ခဲ့သည့် ဇနီးသည် ဒေါ်ယုယုမေက ပြောပြခဲ့ပါသည်။

“မြစ်ကြီးနားဆေးရုံမှာရှိတဲ့ အထူးကုမှန်သမျှက ဦးဇော်မြင့်မောင်ကို အထူးစစ်ဆေးမှုတွေပြုလုပ်တယ်။ လုပ်တဲ့အခါကြတော့ ဖြစ်စဉ်လေးပြောပြပြီးတော့ ဦးဇော်ရဲ့ ခံစားမှုကိုလဲ ပြောပြခိုင်းတယ်။ အဲဒီမှာ ပထမဆုံးစစ်တာကတော့ စိတ်ပိုင်းဆိုင်ရာပေါ့။ သူဟာ မိသားစုနဲ့ သားသမီးတွေအတွက် ပူပန်တဲ့အကြောင်းပေါ့။ အဲဒီလိုပြောတော့ သူတို့ကတော့ စိတ်ပူပန်မှု ရှိတယ်ပေါ့၊ စိတ်ကျတယ်ဆိုတာ စိတ်ကျရောဂါထိတော့ မရောက်သေးဘူးပေါ့။ အစာအိမ် ကင်ဆာ ရှိမရှိကိုလဲ

စစ်ချင်တယ်ဆိုတော့ ဓါတ်မှန်ရိုက်တယ်။ ကောင်းပါတယ်တဲ့။ အစာအိမ်ကင်ဆာ ဖြစ်နိုင်တဲ့ လက္ခဏာတွေ မတွေ့ရပါဘူးတဲ့။ သွေးကြေညတဲ့နေရာ သုံးလေးနေရာတော့ တွေ့ရတယ်တဲ့။ အစာအိမ်ရောင်ထားတဲ့ လက္ခဏာလို့ သူတို့ယူဆတယ်ပေ့ါနော်။ စစ်ချက်ချတာကတော့ စိုးရိမ်ပူပန်မှုနဲ့ ရောဂါကို သူတို့ကောက်ချက်ချ တယ်ပေ့ါလေ။ အဲဒါတွေအတွက် ဆေးပေးထားတယ်။ နောက်ဦးဇော်က (၇၆) တုန်းက အသည်းရောဂါကုထားတဲ့အတွက် အခုလည်း မှိုတက်တဲ့အစားအစာတွေ စားနေရတော့ အသည်းဖြစ်မှာကြောက်တယ်ပြောတော့၊ အာထရာဆောင်း ရိုက်ပေးတယ်တဲ့။ အာထရာဆောင်းရိုက်တော့ အသည်းကလည်း ကောင်းပါတယ်တဲ့။ ဘီပိုး၊ စီပိုးလဲ မရှိဘူးပြောတယ်တဲ့။ ဆေးရုံကဝန်ထမ်းတွေရော၊ ဆရာဝန်တွေရော၊ နောက်ပြီးတော့ သိတဲ့သူတွေအားလုံးကို ကျေးဇူးတင်တဲ့အကြောင်းကို လည်း ပြောပြချင်တာပေ့ါနော်”

ဒေါက်တာ ဇော်မြင့်မောင်၏ လက်ရှိ ကျန်းမာရေးအခြေအနေအား မေးကြည့်အခါ ဒေါက်တာဒေါ်ယုယုမေက – – “ပေးတော့ပေးထားတယ်။ ဒါပေမဲ့ နဂိုကတည်းကလည်း ဒီဆေးတွေပေးထားတာပဲ။ စိုးရိမ်ပူပန်မှု ရှိတဲ့အတွက်တော့ အိပ်ဆေး တော့ ပေးထားတာပေ့ါနော်။ သူက သိပ်ပြီးတော့ လန်းလန်းဆန်းဆန်းတော့ မရှိသေးဘူး။ ပိန်တယ်၊ ဝိတ်က (၁၃၅) ပေါင်ပဲရှိတယ်။ ပေါင်ချိန်ချိန်လို့ရလို့လား မေးကြည့်တော့ ချိန်လို့ရတယ်ပြောတယ်။ သူ (၁၃၅) ပေါင်ပဲရှိတယ်။ နောက်အစားဆိုလဲ ဗိုက်နာတဲ့သူ ဆိုတော့ မစားနိုင်ဘူးပေ့ါနော်။ စားချင်စိတ်လဲ သိပ်မရှိသေးဘူးတဲ့။”

မြစ်ကြီးနားထောင်တွင် နှစ်ရှည်ထောင်ကျခံနေရသည့် အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဇော်မြင့်မောင် ၏ ကျန်းမာရေးအခြေအနေအကြောင်း ဇနီးသည် ဒေါက်တာ ဒေါ်ယုယုမေ ပြောပြခဲ့ခြင်း ဖြစ်ပါသည်။

အစသို့

################################################################################
################################################################################